# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၈ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၃၅)


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး

## မိမိတို့နိုင်ငံတွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်လို

နေပြည်တော် မေ ၂၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ (အင်းစိန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်တို့က စက်ခေါင်းစက်ရုံ (အင်းစိန်)

*စာမျက်နှာ ၃ ကော်လံ ၁*❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ (အင်းစိန်) ၌ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။




# ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသူ ကျောင်းသား လူငယ်များ ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးတို့ကို မြို့နယ်အသီးသီးတို့တွင် ဆောင်ရွက်နေကြသည်။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးတွင် ကျောင်းအဆောက်အအုံ၊ စာသင်ခန်းများနှင့် အိမ်သာများ သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အမှိုက်သရိုက်ကင်းစင်ရေး၊ ကျောင်းမုန့်ဈေးတန်းများ သန့်ရှင်းရေးနှင့် အစားအသောက်များ ဘေးကင်းလုံခြုံရေးတို့အတွက် စီမံခန့်ခွဲဆောင်ရွက်ကြရခြင်းဖြစ်ပြီး ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးတွင် လတ်တလောအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါတို့ကို ကာကွယ်ရန်ဖြစ်သည်။

ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းသူ ကျောင်းသားများ ကျောင်းအပ်လက်ခံနေပြီဖြစ်ပြီး ဇွန်လ ၂ ရက်နေ့တွင် အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်သည်။ ယခုအခါ မိုးများ ရွာသွန်းမှုနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါကလည်း လာနေကျအတိုင်း အချို့ဒေသများတွင် ကူးစက်မှုတို့ ရှိနေသည်ဟု သိရသည်။ အားလုံးသိပြီးဖြစ်သည့်အတိုင်း သွေးလွန်တုပ်ကွေးသည် ခြင်ကျားအကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားပြီး နေ့ဘက်တွင် လူကိုကိုက်ခြင်းဖြစ်ရာ ကျောင်းတက်မည့် ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရန် လိုအပ်သကဲ့သို့ပင် ခြင်များမခိုအောင်းနိုင်စေရန် ရှင်းလင်းထားရမည်ဖြစ်သည်။ ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့၏ကလေးငယ်များ ခြင်ကိုက်မခံရစေရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးခြင်း၊ ခြင်နိုင်ဆေးလိမ်းခြင်းတို့ဖြင့် ကာကွယ်ပေးလိုက်ရန် လိုသည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်ကျားနှိမ်နင်းရေး၊ ပိုးလောက်လမ်းနှိမ်နင်းရေးတို့ကို ရပ်ကွက်၊ ကျေးရွာအလိုက် ဆောင်ရွက်ကြရန်လိုသည်။ ပိုးလောက်လမ်းနှိမ်နင်းရာတွင် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ရပ်ကွက်လုံးကျွတ်၊ ရွာလုံးကျွတ် ဆောင်ရွက်ကြရန်၊ ဖုံး-သွန်-လဲ-စစ် လုပ်ငန်းများ ဆောင်ရွက်ရန်၊ ခြင်ပေါက်ပွားနိုင်သည့် အရာအားလုံးကို ရှင်းလင်းရန်၊ ခြင်ခိုအောင်းနိုင်သည့် ချုံနွယ်သစ်ပင် အမှိုက်သရိုက်များကို ရှင်းရန်၊ မသွန်နိုင်၊ မလှယ်နိုင်သည့် ရေစည်ရေကန်များကို အဘိတ်ဆေးဟုခေါ်သည့် ပိုးလောက်လမ်းသတ်သည့် ဆေးခတ်ရန် စသည်တို့ကို လူထုစုပေါင်းဆောင်ရွက်ကြရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသိပေးထားသည်။ သွေးလွန်တုပ်ကွေးကာကွယ်ရန်အတွက် ခြင်ကိုက်မခံရအောင် ကာကွယ်နေထိုင်ခြင်းနှင့် ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းတို့ကို အဓိကဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသတိပြုရမည့်အချက်မှာ သွေးလွန်တုပ်ကွေးသည် ရာသီတစ်ခုတည်းတွင်ပင် နှစ်ခါပြန်ဖြစ်နိုင်သည့်အတွက် ပထမတစ်ကြိမ်ဖြစ်ပြီးသွားပြီဟုဆိုကာ မပေါ့ဆကြရန်နှင့် ပထမတစ်ကြိမ် သွေးလွန်တုပ်ကွေးဖြစ်ဖူးသူ နောက်တစ်ကြိမ်ဖြစ်လျှင် ပိုဆိုးတတ်ကြောင်း သတိပေးထားခြင်းပင်ဖြစ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများက လွန်စွာပင်အရေးပါသည့်အလျောက် အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များအား ကူးစက်ရောဂါများမှ ကာကွယ်တားဆီးနိုင်ပါစေကြောင်း။ ။

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ဩဝါဒခံယူခြင်းနှင့် အလှူငွေပေးအပ်ပွဲ ပြုလုပ်



နေပြည်တော် မေ ၂၇

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ဩဝါဒခံယူခြင်းနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ သီတဂူဇီဝိတစက္ခုဒါနဆေးရုံခန်းမ၌ ပြုလုပ်ရာ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြိတ်မြို့ မော်တောင်ပရိယတ္တိ စာသင်တိုက် ဆရာတော်၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒက သီတဂူ ဆရာတော်ကြီးထံ သီတဂူစက္ခုဒါနဆေးရုံဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်း လျှောက်ထားသည်။ ထို့နောက် အလှူရှင်များက သီတဂူစက္ခုဒါန ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး(အပေါ်ပုံ)ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး ဆရာတော်ကြီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သီတဂူဇီဝိတစက္ခုဒါနဆေးရုံအတွင်းရှိဆေးကုသခန်းနှင့် လူနာခန်းများ တည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ တက်ရောက်ဆဲ ပထမနှစ်သင်တန်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ်သင်တန်းနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့် မဟာဘွဲ့သင်တန်းများအားလုံးကို ၁၂-၅-၂၀၂၂ ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ ယခု ဆက်လက်၍ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ စတုတ္ထနှစ်သင်တန်းကို ၂-၆-၂၀၂၂ ရက်နေ့မှစ၍ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် မေ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ မြို့ဦးစေတီကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ်ရှိဃောသိတာရာမစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ နိမ္မိတာရုံစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရွာမပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာယံ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်

နေပြည်တော် မေ ၂၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။ **မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ (အင်းစိန်) လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

❖ *ရှေ့ဖုံးမှ*

သမိုင်းအကျဉ်း၊ ရည်မှန်းချက်တာဝန်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေ၊ မီးရထားစက်ခေါင်းများ ထုတ်လုပ်တပ်ဆင်နိုင်မှု၊ ပြုပြင်ထိန်းသိမ်းနိုင်မှု၊ စက်ခေါင်းစွမ်းအားမြှင့်တင်မှု၊ စက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုအခြေအနေ၊ ရေနွေးငွေ့စက်ခေါင်းများ အကြီးတန်းပြုပြင်ပြီးစီးမှုနှင့် စမ်းသပ်မောင်းနှင် ပြေးဆွဲနိုင်မှုအခြေအနေ၊ စက်ရုံဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရေးအတွက် သင်တန်းများ တက်ရောက်စေမှု၊ စက်ရုံ အလုပ်ရုံခွဲများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားပို့ဆောင်ရေးစနစ်သည် တိုင်းပြည်တစ်ခု၏ အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခုပင်ဖြစ်ကြောင်း၊ စက်ခေါင်းများပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုပြင်ခြင်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်မှုကို မှတ်တမ်းဓာတ်ပုံများဖြင့် စနစ်တကျ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ စက်ခေါင်းများ ဝယ်ယူချိန်မှစ၍ အသုံးပြုမှုနှင့်ပြုပြင်ထိန်းသိမ်းမှုများကို စက်ခေါင်းတစ်ခုချင်းအလိုက် သမိုင်းမှတ်တမ်းများ ပြည့်စုံစွာဖြင့် ပြုစုထားရှိရန်လိုကြောင်း၊ စက်ခေါင်းများသည် တန်ဖိုးအားဖြင့် များစွာကြီးမားသည့် ပစ္စည်းများဖြစ်သဖြင့် ပြုပြင်ထိန်းသိမ်းခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်စေရေး ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ ခေတ်ကာလအရ နိုင်ငံတကာတွင် မီးရထားများကို လျှပ်စစ်ဓာတ်အားအသုံးပြု၍ ပြေးဆွဲနေကြသဖြင့် မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီးရထားစက်ခေါင်း စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ (အင်းစိန်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

- ❑ **မီးရထားစက်ခေါင်းများနှင့် ရထားတွဲများကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှု ရှိစေရေးကိုလည်း အမြဲမပြတ် ဆောင်ရွက်နေရန်လို**
- ❑ **တစ်နိုင်ငံလုံး လျှပ်စစ်စက်ခေါင်းများဖြင့် ပြေးဆွဲနိုင်ရေး အဓိကထားရည်မှန်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်) အနေဖြင့် လျှပ်စစ်စက်ခေါင်းငယ်များမှစ၍ သုတေသနပြု ထုတ်လုပ်ပြီး ယင်းမှတစ်ဆင့် အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်စက်ခေါင်းကြီးများ ထုတ်လုပ်ခြင်း လုပ်ငန်းများကို အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန်လို**

*စာမျက်နှာ ၃ မှ*

ထို့ကြောင့် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး လိုအပ်သည့် လျှပ်စစ်ဓာတ်အားသုံး စက်ခေါင်းများ ထုတ်လုပ်နိုင်ရေး နိုင်ငံတကာမှ နည်းပညာများကို လေ့လာ၍ ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့်ပစ္စည်းများနှင့် ပြည်ပမှဝယ်ယူရမည့် ပစ္စည်းများကိုပေါင်းစပ်၍ ပထမခြေလှမ်းအနေဖြင့် ဒီဇယ်လျှပ်စစ်သုံး (DEMU) စက်ခေါင်းများ တည်ဆောက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒီဇယ်လျှပ်စစ်ရထားစက်ခေါင်းများမှတစ်ဆင့် လျှပ်စစ်ရထား (EMU)အထိ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ယခုရန်ကုန်မြို့ပတ်ရထားလမ်းတွင် ဒီဇယ်လျှပ်စစ်သုံး ရထားများ အသုံးပြု၍ မြို့ပတ်ရထားများ ပြေးဆွဲနေပြီး မိမိတို့နိုင်ငံတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးရှိ အဓိကကျသည့် နေရာများကို လျှပ်စစ်ရထား အသုံးပြုပြေးဆွဲနိုင်ရေး အဆင့်ဆင့်ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားစက်ခေါင်းများနှင့် ရထားတွဲများ ကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှု ရှိစေရေးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန် လိုကြောင်း၊ တစ်နိုင်ငံလုံး လျှပ်စစ်စက်ခေါင်းများဖြင့် ပြေးဆွဲနိုင်ရေး အဓိကထား ရည်မှန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)အနေဖြင့် လျှပ်စစ်စက်ခေါင်းငယ်များမှစ၍ သုတေသနပြု ထုတ်လုပ်ပြီး ယင်းမှတစ်ဆင့် အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်စက်ခေါင်းကြီးများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်ကြိုးပမ်း ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ၌ ဂျပန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်း အသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။**

### စားသောက်ဖွယ်ရာများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မီးရထားစက်ခေါင်းစက်ရုံအတွင်း မီးရထားစက်ခေါင်းများ ထုတ်လုပ်တပ်ဆင်နေမှု၊ ပြုပြင်ထိန်းသိမ်းနေမှု၊ စက်ခေါင်းစွမ်းအားမြှင့်တင်နေမှု၊ ရေနွေးငွေ့စက်ခေါင်းအား ကျောက်မီးသွေးသုံးစက်ခေါင်းအဖြစ် ပြုပြင်နေမှု၊ မီးရထားစက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်း အသစ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းစိန်မီးရထား ဆေးရုံသို့ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့မီးရထားဆေးမှူးချုပ် ဒေါက်တာသန်းမင်းထွဋ်တို့က ဆေးရုံ၌ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို နေ့စဉ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်လျက်ရှိမှုနှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများလိုအပ်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် လိုအပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြုပစ္စည်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မီးရထားဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုဝန်ကြီး ဦးကိုကို က ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး အကြီးစား ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ညွှန်ကြားရေးမှူး ဦးကိုကိုအေးနှင့် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်ကျော်တို့က လိုဏ်ဂူတော်ကြီး အကြီးစား ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကမ္ဘာအေး ဟံသာသီရိကုန်းမြေရှိ သာသနိက အဆောက်အဦကျောင်းဆောင် ခြောက်ဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်း၊ မြေပြုပြင်ခြင်း၊ နေရာရှုခင်းဆောင်ရွက်ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်း များ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**စနစ်တကျပြင်ဆင်ထိန်းသိမ်း**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာပါသာဏလိုဏ်ဂူသည် သမိုင်းဝင်သာသနာ့ အဆောက်အဦဖြစ်သဖြင့် လိုဏ်ဂူတော်ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျပြင်ဆင် ထိန်းသိမ်းရန်လိုအပ်ပြီး ရေအသုံးချနိုင်မှုနှင့် မီးစနစ်များ စနစ်တကျရှိရန်လိုကြောင်း၊ ယခုပြီးစီးမှုအခြေ အနေများကိုလည်း မိုးကာလအတွင်း ကြည့်ရှု၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ဟံသာသီရိကုန်းမြေရှိ သာသနိကအဆောက်အဦ ကျောင်းဆောင်များ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေရေး စနစ်တကျ ဆောင်ရွက်ရန်နှင့် ဆရာတော်ကြီးများ စိတ်အေးချမ်းသာစွာဖြင့် သီတင်းသုံးနိုင်ရန်လိုကြောင်း၊ အဆောက်အဦများ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်မှသာလျှင် လမ်းများအဆင့် မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်လိုပြီး ရေစီးရေလာကောင်းမွန်ရန်နှင့် လမ်းပခုံးများကို စနစ်တကျ ဆောင်ရွက်ထားရှိမှသာ လမ်း၏ကြံ့ခိုင်မှု ကို ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း မှာကြား သည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လိုဏ်ဂူတော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ အပေါ်ဆုံးထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၅ မှ*

ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား၍ လိုဏ်ဂူတော်ကြီး၏ အပေါ်ဆုံးထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သာသနိက အဆောက်အဦများ၊ ဟံသာသီရိကုန်းတော်ရှိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ လာရောက်စဉ် ခေတ္တသီတင်းသုံးသည့် အဆောင်များနှင့် လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည့် အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေပေါ်တွင် တည်ရှိပြီး ၁၉၅၃ ခုနှစ်တွင် ပန္နက်တော်တင် အုတ်မြစ်တော်စီခဲ့ကြောင်း၊ ဆောက်လုပ်ရေးအရာရှိနှင့် လုပ်သားပေါင်း ၁၄၈၆ ဦးနှင့် လုပ်အားပေး ကုသိုလ်ရှင်ပေါင်း ၃၃ သိန်းကျော်တို့ဖြင့် ဆောက်လုပ်ခဲ့ရာ ရက်ပေါင်း ၃၉၆ ရက် ကြာမြင့်ခဲ့ပြီး ၁၉၅၄ ခုနှစ် မေ ၁၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ လိုဏ်ဂူတော်ကြီးအတွင်း သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံမှ သံဃာတော် အပါး ၂၅၀၀ ဖြင့် ၁၉၅၄ ခုနှစ် မေ ၁၇ ရက်မှ ၁၉၅၆ ခုနှစ် မေ ၂၂ ရက်အထိ ၂ နှစ်နှင့် ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အခြားသော ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့် အခမ်းအနားကြီးများကိုလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ လိုဏ်ဂူတော်ကြီး၏ သက်တမ်းမှာ ၆၈ နှစ် ရှိပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာသဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၈ ရက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် အကြီးစားပြင်ဆင်မွမ်းမံခြင်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရှိရသဖြင့် အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

- **မဟာပါသာဏလိုဏ်ဂူသည် သမိုင်းဝင်သာသနာ့ အဆောက်အဦဖြစ်သဖြင့် လိုဏ်ဂူတော်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျပြင်ဆင်ထိန်းသိမ်းရန်လိုအပ်ပြီး ရေအသုံးချနိုင်မှုနှင့် မီးစနစ်များ စနစ်တကျရှိရန်လို**
- **အဆောက်အဦများ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်မှသာလျှင် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်လိုပြီး ရေစီးရေလာကောင်းမွန်ရန်နှင့် လမ်းပခုံးများကို စနစ်တကျ ဆောင်ရွက်ထားရှိမှသာ လမ်း၏ကြံ့ခိုင်မှုကို ရေရှည်ထိန်းသိမ်းနိုင်မည်**

## မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပွဲ ကျင်းပ

**စေတုတ္တရာမြို့ မေ ၂၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပွဲတော်အား စေတုတ္တရာ-ဆော ခရိုင်ချင်းဆက်လမ်းပိုင်း မိုင်တိုင်အမှတ် ၅၇/၄ ဖာလုံအနီး ကျောက်မွဲကျေးရွာနှင့် တောင်ဟန်ဒေါက်ကျေးရွာကြားတွင် မေ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲလာမှုကို ထိန်းသိမ်းခြင်းတို့အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျွန်းအပါအဝင် ပိတောက်၊ ဇာဒံ၊ ရေတမာ၊ မဲဇလီနှင့် ကုက္ကို စုစုပေါင်း ၆၅၀ အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာအကြီးအကဲ၊ ကျောင်းသား ကျောင်းသူနှင့် ဒေသခံပြည်သူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ စိုက်ပျိုးပေးခဲ့ပြီး မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းများ(MRRP)အကြောင်း ပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ မှိုနှင့် ကြက်ဥများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ မှိုနှင့် ကြက်ဥများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည်မိသားစုများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## သက်သာချောင်ချိရေး ဦးစားပေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်အား အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံပေါများစွာ စားသုံးနိုင်စေရေး အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက်သက်သာစွာ ရောင်းချပေးနိုင်ရမည်ဖြစ်ပြီး ပြည်သူများကိုလည်း ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ အမြတ်ကို အဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးဆောင်ရွက်ရာတွင် မွေးမြူရေးသုတေသနအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာရေးနှင့် ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားပေးဆောင်ရွက်ရန် လိုကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ နည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး အခြေခံစားကုန်များ ဈေးသက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်သဖြင့် တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသတွင်း ဖူလုံမှုရရှိပါက ပြင်ပဒေသများနှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး အေးခဲအသားငါးများ၊ အသားခြောက်များနှင့် အဆင့်မြင့် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

## ပထမနှစ်မှ ပဉ္စမနှစ်အထိ ကျောင်းသား၊ ကျောင်းသူ ၁၉၈ ဦး တက်ရောက်ပညာသင်ကြား

**နေပြည်တော် မေ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အဆင့် သစ်တောပညာသင်ကြားမှုသည် ၁၉၂၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခု နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်ကြောင်း၊ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်အထိ အရည်အချင်းပြည့်မီသော သစ်တောသိပ္ပံဘွဲ့ရ ၃၀၅၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်တွင်း/ ပြည်ပ တက္ကသိုလ်များတွင် ဆက်လက်လေ့လာသင်ယူ၍ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိခဲ့သူ များစွာရှိကြောင်း၊ အစဉ်အလာကြီးမားခဲ့သည့် တက္ကသိုလ်ဖြစ်သည်နှင့်အညီ ယခုပညာရည်ဆည်းပူးရန် ရောက်ရှိလာသော ကျောင်းသား ကျောင်းသူတို့အနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိအောင် ဆရာ၊ ဆရာမများ၏ ဆုံးမစကားကိုနာယူ၍ ကြိုးစားအားထုတ်စေလိုကြောင်း၊ ဆရာ၊ ဆရာမများကလည်း ကျောင်းသား၊ ကျောင်းသူများအပေါ် သားသမီးသဖွယ် ကြည့်ရှုစောင့်ရှောက်၍ ဆရာ့ဝတ်ငါးပါးကို ကျေပွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တက္ကသိုလ်၏ သင်ထောက်ကူပစ္စည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးတွင် အသုံးပြုရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အလှူငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းပေးသည်။ **(အပေါ်ယာပုံ)**



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက္ကသိုလ် စာသင်ဆောင်များတွင် စာသင်ကြားနေမှု၊ တက္ကသိုလ် ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုနှင့် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းသား၊ ကျောင်းသူများက အဆို/အက များဖြင့် ဖျော်ဖြေပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တွင် ပထမနှစ်မှ ပဉ္စမနှစ်အထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၉၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# နှစ်စဉ်အကျိုးအမြတ်ရရှိ၍ စက်ရုံရေရှည်ရပ်တည်လည်ပတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်

**နေပြည်တော် မေ ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့်အတူ မေ ၂၆ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အချိုရည်နှင့် ရေခဲစက်ရုံ(မကွေး)သို့ရောက်ရှိပြီး လိုအပ်သည်များ မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချောက်မြို့ရှိ အမှတ်(၃၅) အကြီးစားစက်ရုံ(ချောက်)သို့ရောက်ရှိ၍ ကြွေသီးများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ယာပုံ)** ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Business Plan ရေးဆွဲဆောင်ရွက်ရန်၊ ကြွေသီးများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ သုံးစွဲသူအကြိုက် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် အရင်းကျေပြီး နှစ်စဉ်အကျိုးအမြတ်ရရှိ၍ စက်ရုံရေရှည်ရပ်တည်လည်ပတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်၊ မိမိထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဈေးကွက်သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ စက်ရုံပိုင်မြေနေရာများတွင် ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်လုပ်လိုသည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန် မှာကြားချက်များနှင့် ပတ်သက်၍ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ Melt Shop – 1 ပြန်လည် လည်ပတ်နိုင်ရေးအတွက် လျှပ်စစ်နှင့် စက်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ဇယားများ ရေးဆွဲဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ စက်ရုံ၌ တပ်ဆင်ထားရှိသော စက်ပစ္စည်းကိရိယာများနှင့် ရောက်ရှိပြီးသော စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစဉ်အမြဲဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်တွင် အဆင်သင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားကာ Melt Shop –1 ပြန်လည် လည်ပတ်နိုင်ရေးအတွက် စက်ရုံအစီအစဉ်ဖြင့် လျှပ်စစ်နှင့် စက်ပစ္စည်းများကို စစ်ဆေးပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ Bale Press Machine ဖြင့် မော်တော်ယာဉ်ကိုယ်ထည်များကို Scrap Bale (လေးထောင့်တုံး) များ ပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပုသိမ်မြို့ ပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း မိုးရာသီ(အကြို) သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပုသိမ် မေ ၂၇**

ပုသိမ်မြို့ ပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း မိုးရာသီ(အကြို)သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မေ ၂၆ ရက်က ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်း၊ ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ တိုင်း/ခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများနှင့် NGO အသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သစ်တောဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြင့်စိန်က သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာများကိုယ်စား ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးထံ မဟော်ဂနီပင်များ ပေးအပ်ပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်က ပညာရေးဒီဂရီကောလိပ် ဆရာ ဆရာမများကိုယ်စား ကျောင်းအုပ်ဆရာမကြီးထံ ကျွန်းပျိုးပင်များကိုလည်းကောင်း၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်းက တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်တစ်ဦးထံ မန်ကျည်း ရှားပင်များကိုလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌထံ ကံ့ကော်ပင်များကို လည်းကောင်း ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဦးဆောင်၍ ဌာနဆိုင်ရာများ NGO အဖွဲ့များနှင့်စုပေါင်းကာ နှစ်ပေအထက် ပျိုးပင်များ စိုက်ပျိုးကြောင်း သိရသည်။ **မြင့်ဟန် (ပြန်/ဆက်)**



# ရခိုင်ပြည်နယ် ပန်းခင်းစီမံချက် ပြည်နယ်လုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ် ပန်းခင်းစီမံချက် ပြည်နယ်လုံးကျွတ် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံချက်သည် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ သတ်မှတ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ရန်ရှိသည့် လျာထားချက်များအတိုင်း ပြည့်မီပြီးစီးအောင် ဆောင်ရွက်ကြရမည့် စီမံချက်တစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းစီမံချက်သည် ယခုအခါ စီမံချက်ကာလ တစ်နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယင်းကာလအတွင်း ပဲခူး၊ ဧရာဝတီ၊ နေပြည်တော်၊ မန္တလေး၊ တနင်္သာရီနှင့် မကွေး စသည့်တိုင်းဒေသကြီးခြောက်ခုသည် တိုင်းလုံးကျွတ်လျာထားချက် ပြည့်မီအောင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ယခု ရခိုင်ပြည်နယ်သည်လည်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန် ၁၅၇၈၀၆ ကတ် လျာထားရာ ယခုအထိ ၁၈၃၃၉၉ ကတ် (၁၁၆ ဒသမ ၂၂) ရာခိုင်နှုန်း ထုတ်ပေးပြီးစီးပြီဖြစ်သည့်အတွက် ခုနစ်ခုမြောက် ပြည်နယ်လုံးကျွတ် ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပန်းခင်းစီမံချက်ကို သတ်မှတ်ကာလအတွင်း လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပြီးဖြစ်သော်လည်း မှတ်တမ်းများ စနစ်တကျဖြစ်စေရေးနှင့် မှန်ကန်စေရေးအတွက် မြို့နယ်အချင်းချင်း၊ ခရိုင်အချင်းချင်း အပြန်အလှန် စစ်ဆေးဆောင်ရွက်ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံသားများကို နိုင်ငံသားကတ်ထုတ်ပေးခြင်းသည် လုပ်ငန်းသဘောသဘာဝအရ စဉ်ဆက်မပြတ် ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ရာ အားလုံးက ဆက်လက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်ခဲ့မှု မှတ်တမ်း ဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပန်းခင်းစီမံချက်ကို တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ပန်းခင်းစီမံချက်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်နယ်မှ ဝန်ထမ်းများကို တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးကာ ရာထူးအဆင့်များကို တပ်ဆင်ပေးသည်။ **(အပေါ်ယာပုံ)**




ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ရခိုင်ရိုးရာ မဟာနွယ်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြို့နယ်အသီးသီး၏ ပန်းခင်းစီမံချက်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်အလိုက် လျာထားချက် ပြီးစီးမှု အထောက်အထား မှတ်တမ်းစာရွက်စာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူနှင့် သံတွဲ စသည့် ခရိုင်ငါးခု၊ မြို့နယ် ၁၇ မြို့နယ်၊ ရပ်ကွက် ၁၈၉ ခု၊ ကျေးရွာအုပ်စု ၁၀၃၇ အုပ်စု၊ ကျေးရွာပေါင်း ၃၇၃၈ ရွာရှိပြီး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၇၈၀၆ ကတ် ထုတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခု ၁၈၃၃၉၉ ကတ်၊ ရာခိုင်နှုန်းအားဖြင့် (၁၁၆ ဒသမ ၂၂) ရာခိုင်နှုန်း ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့သည့်အတွက် ပြည်နယ်လုံးကျွတ်လျာထားချက် ရာခိုင်နှုန်းပြည့်မီကျော်လွန်ပြီးမြောက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) ပါ အချက်အလက်များအား ကွန်ပျူတာဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အချိန်နှင့်တစ်ပြေးညီစစ်ဆေးခြင်း (Real Time Audit) နှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၇**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစ၍ ကျင့်သုံးမည့် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း (Real Time Audit) ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲသို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ခံ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး အဖွဲ့အစည်းများ၏ လက်အောက်ခံ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ဘဏ္ဍာရေး တာဝန်ခံအရာရှိများ၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံး တာဝန်ခံညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက Virtual System ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ယခုအချိန်သည် နိုင်ငံတော်အနေဖြင့် ပြည်တွင်းဘဏ္ဍာငွေ အရင်းအမြစ်အပေါ် မူတည်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာများအတွက် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ငန်းစီမံကိန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာရန်ပုံငွေစီမံခန့်ခွဲမှုကို အထိရောက်ဆုံးနှင့် အကောင်းဆုံးနည်းလမ်းများဖြင့် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်မှုများကို ထိရောက်စွာ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းဖြင့် အထောက်အကူပြုနိုင်စေရန် Real Time Audit ကိုဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ကြီးကြပ်ခြင်းနှင့် စာရင်းစစ်ဆေးခြင်း (Concurrent Control, Monitoring, and Real Time Audit) သည် ယနေ့ကမ္ဘာမှာ ခေတ်အမီဆုံးနှင့် အထိရောက်ဆုံး ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုနည်းလမ်းဖြစ်ပါကြောင်း။

သို့ပါ၍ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့အကျိုးစီးပွားအတွက် လုပ်ငန်းစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ယနေ့ ရှင်းလင်းဆွေးနွေးသည့် Real Time Audit ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းခြင်း၊ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခြင်းတို့ဖြင့် Real Time Audit အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Real Time Audit ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ စစ်ဆေးခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ခံ အဆင့်မြင့်အရာရှိများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး မေးမြန်းမှုများအပေါ် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး တာဝန်ရှိသူများက ရှင်းလင်းဖြေကြား၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်နှင့် စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပူးတွဲဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ပြန်လည်ဆွေးနွေးကြကာ ပြည်ထောင်စု စာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၂၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

---

❂ *ကျော့ဖုံးမှ*

ဗဟိုကော်မတီဝင် စောမောင်မောင်တို့ တက်ရောက်ကြသည်။

**အပြန်အလှန်ဆွေးနွေး**

တွေ့ဆုံ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် KNU/KNLA (PC) မှ ဥက္ကဋ္ဌ စောထော့လေးတို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကာ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC) ဥက္ကဋ္ဌ စောထော့လေးနှင့် အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြစဉ်။**

---

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်

**နေပြည်တော် မေ ၂၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ မိုးကာအင်္ကျီ၊ ကျောပိုးအိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြိုကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ မိုးကာအင်္ကျီ၊ ကျောပိုးအိတ်၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ တာဝန်ရှိသူများကလည်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ မိုးကာအင်္ကျီ၊ ကျောပိုးအိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



---

❂ *ကျော့ဖုံးမှ*

ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ယနေ့အထိ ကျောင်းအပ်နှံသူ ၃၂၃၀၉၉၉ ဦးရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ ဆရာမများ၊ လာရောက် ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ရက်ကန်းလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် ရိုးရာယဉ်ကျေးမှုကိုအခြေခံသည့် နည်းပညာဆန်းသစ်သော ဒီဇိုင်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၇

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက မွန်ပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ခေတ်မီစံပြကျေးရွာ (SMART Village) များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။**



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ မြသီရိရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာတို့သို့ ရောက်ရှိပြီး သမဝါယမအသင်းမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မုဒုံမြို့ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက ရက်ကန်းလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် ရိုးရာယဉ်ကျေးမှုကို အခြေခံသည့် နည်းပညာဆန်းသစ်သော ဒီဇိုင်းများ ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူအသီးသီးက ထိုးထွင်းကြံဆ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားကာ သင်တန်းသားများ၏ လက်တွေ့ဆောင်ရွက်နေသည့် ရက်ကန်းလုပ်ငန်းများ၊ ရက်ကန်းထည်များအား ကြည့်ရှုအားပေးကာ သင်တန်းကျောင်းအတွင်း လှည့်လည်စစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် မော်လမြိုင်မြို့ သမဝါယမ သင်တန်းကျောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးတို့သို့ ရောက်ရှိကာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး တာဝန်ရှိသူများ၏ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ် သမဝါယမဦးစီးဌာနမှ ကန်ထရိုက်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော တောင်စွန်းမျိုးစေ့ထုတ် သမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူများသို့ သွင်းအားစု မြေဩဇာများ ဝယ်ယူနိုင်ရေး အရင်းမပျောက် မတည်ငွေများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး အသင်းသားတောင်သူများထံသို့ အရင်းမပျောက် မတည်ငွေများ ပေးအပ်ကာ တောင်စွန်းမျိုးစေ့ထုတ် သမဝါယမအသင်း၏ မျိုးစပါးစိုက်ဧက ၅၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသော မုနိုင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ဒုတိယမြို့တော်ဝန် ဦးမောင်မောင် ချောင်းမကြီးဆည်အတွင်း ရေဝင်ရောက်မှုနှင့် ဘောဂသီရိအဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံရှိ အမြန်နှုန်းသဲရေစစ်ကန် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယနေ့ မွန်းလွဲပိုင်းက ဥတ္တရသီရိမြို့နယ်ရှိ ချောင်းမကြီး ချောင်းအတွင်းရှိ သဲနုန်းများနှင့်အမှိုက်များ တူးဖော်ဖယ်ရှားခြင်း၊ ချောင်းဖြောင့်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**




ထိုသို့ စစ်ဆေးရာတွင် ဒုတိယမြို့တော်ဝန်က ချောင်းမကြီးဆည်သို့ အဓိကရေဝင်ရောက်သည့် ချောင်းမကြီးချောင်းအတွင်း ရေစီးရေလာကောင်းမွန်ပြီး ဆည်အတွင်း ရေပိုမိုဝင်ရောက်နိုင်စေရေးနှင့် ချောင်းတစ်လျှောက် သဲနုန်းများ ပိတ်ဆို့မှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ပျဉ်းမနားမြို့နယ် ဘောဂသီရိ အဆင့်မြင့်ယာဉ်ပြင် အလုပ်ရုံရှိ တည်ဆောက်ပြီးစီးသော အမြန်နှုန်းသဲရေစစ်ကန်သို့ သွားရောက်၍ သဲရေစစ်ကန်တွင် ရေသန့်စင်မှုစနစ် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ယာဉ်ပြင်အလုပ်ရုံများသို့ ဖြန့်ဖြူးပေးဝေသည့် ရေအရည်အသွေးကောင်းမွန်စေရေးနှင့် ရေလုံလောက်စွာ ပေးဝေနိုင်စေရေး သဲရေစစ်ကန် ပြုပြင်ထိန်းသိမ်းမှုကို အမြဲဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၆၀၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၉၆၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၇၅၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၆၄၅၃ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လဟယ်မြို့၌ ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

**လဟယ် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကျောင်းနေရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံရေးအခမ်းနားကို ယနေ့ နံနက် ၁၀ နာရီက လဟယ်မြို့ အထကကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်ပြီး အမှာစကားပြောကြားကာ အခြေခံကျောင်းများသို့ သင်ထောက်ကူပစ္စည်း ဗလာစာအုပ်၊ ခဲတံများကို တက်ရောက်ကြသော ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းများသို့ ထောက်ပံ့ပေးအပ်သည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

# သာပေါင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**သာပေါင်း မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က အခြေခံပညာ အထက်တန်းကျောင်း (သာပေါင်း)၊ သော်ကဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေး ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သက်နိုင်က ကျောင်းအပ်နှံရေးကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ဇွန် ၂ ရက်တွင် ကျောင်းတက်ကြရမည်ဖြစ်ပြီး အခမဲ့ကျောင်းအပ်လက်ခံစနစ်ဖြင့် ကျောင်းသားတိုင်း တစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံ၊သင်ရိုးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များပါ ထုတ်ပေးလျက်ရှိကြောင်း ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမင်းဇော်ထိုက်၊ မြို့နယ်မိခင်နှင့်ကလေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ငြိမ်းငြိမ်းစိုးတို့က ကျောင်းသုံးပစ္စည်းများကို ကျောင်းသား ကျောင်းသူကလေးများအား ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်၌ ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

**ပျဉ်းမနား မေ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် အခြေခံပညာမူလတန်း လခွန်ကျောင်းဘောဂဝတီ၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များအား သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၀ | ၂၅၄၀ |
| 95 Ron | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၄၀ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၇၀ | ၂၅၈၅ | ၂၆၉၀ |
| HSD (50 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၁၅ | ၂၇၂၅ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၁၅ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၁ | ၂၁၄၆ |
| 95 Ron | ၂၁၈၀ | ၂၂၅၈ |
| HSD (500 ppm) | ၂၁၇၈ | ၂၂၅၁ |
| HSD (50 ppm) | ၂၂၀၅ | ၂၂၇၉ |
| HSD (10 ppm) | ၂၂၀၅ | ၂၂၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ(၆ ဒသမ ၁)သန်း တိုးမြှင့်ဝင်ရောက်ခဲ့ရာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၄၅၀ ထပ်မံဖန်တီးပေးနိုင်မည်

ပဲခူး မေ ၂၇

**စက်မှုမြေအဖြစ် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် ခွင့်ပြုပေးထားသည့် လုပ်ငန်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအတွက် နည်းပညာနှင့် ချေးငွေရရှိရေးပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၅/၂၀၂၂)တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည့် CMP လုပ်ငန်းများကို အဓိကထား ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သော လမ်း၊ လျှပ်စစ်မီးနှင့် ရေ ရရှိရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခြေစိုက် Weartec Seam Garment Manufacturing Co., Ltd မှ (CMP) အထည်ချုပ်လုပ်ငန်းစက်ရုံအသစ် ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ သန်းဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ ဂျပန်နိုင်ငံအခြေစိုက် Bago Sport Gloves Co., Ltd မှ (CMP) လက်အိတ်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံအသစ် ထပ်မံတိုးချဲ့သော ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသည်။



ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ တင်ပြချက်များအရ တိုင်းဒေသကြီးအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်း တိုးမြှင့်ဝင်ရောက်ခဲ့ရာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၄၅၀ ထပ်မံဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် မေလအထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၇၁၂ သန်းနှင့် မြန်မာကျပ်ငွေ ၉၅၂၉ ဒသမ ၁၅ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၇၄၅၈ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# လောက်ကိုင်၌ မိုင်းအန္တရာယ်အသိပညာပေး

**လောက်ကိုင် မေ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ယနေ့နံနက်ပိုင်းက မိုင်းအန္တရာယ်အသိပညာပေး ရှင်းလင်းဟောပြောခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လောက်ကိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်အေးအေးခိုင်နှင့် ဦးဇွဲထက်အောင် (ရှမ်းပြည်နယ် မြောက်ပိုင်း၊ MRE Assistant Field Officer ) တို့က မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာများကို ရုပ်ပုံကားချပ်များနှင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြမြဝင်းက လူငယ်များ စွမ်းစွမ်းတမံ အများအကျိုးအတွက် ဆောင်ရွက်ကြရေး အသိပညာပေး ဟောပြောသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်း၊ ကြက်ခြေနီသင်တန်းသား ၂၀ နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ရွှေစင်ဖြိုး (ပြန်/ဆက်)**

# ဂျပန်နိုင်ငံ၌ monkeypox ရောဂါကူးစက်ဖြစ်ပွားခြင်း မရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးပြော



ဂျပန်ကျန်းမာရေးဝန်ကြီး ရှီဂီယူကီ ဂိုတို။

**တိုကျို မေ ၂၇**

ဂျပန်ကျန်းမာရေးဝန်ကြီးက ဂျပန်နိုင်ငံတွင် monkeypox ကူးစက်ရောဂါ ဖြစ်ပွားခြင်းမရှိသေးကြောင်း မေ ၂၇ ရက်က အတည်ပြုပြောကြားလိုက်သည်။

နိုင်ငံအတော်များများတွင် monkeypox ကူးစက်ရောဂါ ကူးစက်ဖြစ်ပွားမှုမြင့်တက်နေမှုကို စိုးရိမ်နေချိန်တွင် ဂျပန်ကျန်းမာရေးဝန်ကြီး ရှီဂီယူကီ ဂိုတိုက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ထိုသို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

ဂိုတိုက ဂျပန်နိုင်ငံတွင် monkeypox ရောဂါ ကူးစက်ဖြစ်ပွားတွေ့ရှိပါက တရားဝင်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားလိုက်သည်။ သို့သော်လည်း ဂျပန်အစိုးရအနေဖြင့် ယခုအချိန်အထိ ထိုကဲ့သို့ ဖော်ပြခြင်းမျိုးမရှိသေးကြောင်း သတင်းထောက်များကို ဆက်လက်ပြောကြားလိုက်သည်။

ဂျပန်ကျန်းမာရေးဝန်ကြီးက ဂျပန်နိုင်ငံတွင် ပြည်တွင်းထုတ်ရေကျောက်ရောဂါ ကာကွယ်ဆေးအမြောက်အမြားရှိကြောင်း ထပ်မံပြောကြားလိုက်သည်။ **ဆင်ဟွာ**

## ကွန်ဂိုအရှေ့မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွား၊ လူပေါင်း ၃၇၀၀၀ ထက်မနည်း ဘေးလွတ်ရာရွှေ့ပြောင်း

**ကင်ရှာဆာ မေ ၂၇**

ကွန်ဂိုနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မေ ၂၂ ရက်မှစကာ မတ် ၂၃ လှုပ်ရှားမှု(M 23) အဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကြား တိုက်ပွဲသစ်များ ဖြစ်ပွားခဲ့ရာ ၃၇၀၀၀ ထက်မနည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်း နေထိုင်ခဲ့ရကြောင်း အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးကော်မတီ (IRC)က မေ ၂၇ ရက်က ပြောကြားလိုက်သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် M23 တပ်ဖွဲ့များကြား ကွန်ဂိုအရှေ့မြောက်ပိုင်းရှိ မြောက်ကီဗူပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထို့အတူ တိုက်ပွဲများသည် အဆိုပါပြည်နယ်၏ ညီရာဂွန်ဂိုပိုင်နက်နယ်မြေအထိ ရောက်ရှိလာသောကြောင့် လူပေါင်း ၃၇၀၀၀ ထက်မနည်း အိုးမဲ့အိမ်မဲ့ ထွက်ပြေးကြရသည်။

IRC က မြေပြင်အခြေအနေတွင် အဆိုပါဖြစ်စဉ်ကို အလေးစိတ်စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားလိုက်သည်။ IRC နိုင်ငံရေးရာ ညွှန်ကြားရေးမှူး အဒမ်မာ ကူလီဘာလီက ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများတွင် လူသားချင်းဆိုင်ရာ အကူအညီများကို ကူညီထောက်ပံ့နေသည့် မိမိတို့၏ အသင်းအဖွဲ့များကို ကူညီရန်မှာ မိမိတို့၏ ရည်မှန်းချက်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အခြေအနေများမှာ မကျိန်းသေသော အခြေအနေတွင်ရှိကြောင်း သိရသည်။

ပြင်းထန်သော တိုက်ခိုက်မှုများသည် အကူအညီပေးဝေမှုအပေါ် ဟန့်တားနေသည့်ယုက်နေသဖြင့် ယုဂန္ဒာနယ်စပ်တွင် လူပေါင်း ၁၉၀၀၀ ထက်မနည်း အရေးကြီး အထောက်အပံ့များ လိုအပ်လျက်ရှိသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေကြီး၊ လူ ၃၀ သေဆုံးပြီး ငါးသိန်းခန့် ရေဘေးကြုံ

**နယူးဒေလီ မေ ၂၇**



အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် လူ ၃၀ သေဆုံးမှုနှင့်အတူ ပြည်သူ ငါးသိန်းခန့် ရေဘေးအန္တရာယ်ကြုံတွေ့ခံစားရကြောင်း မေ ၂၇ ရက်တွင် သက်ဆိုင်ရာက ထုတ်ပြန်သည်။

ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုမှာ များစွာဆိုးရွားကြောင်း အာသံပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနက ထုတ်ပြန်လိုက်သည်။ ပြည်နယ်အတွင်းရှိ ခရိုင် ၁၂ခု သည် ရေကြီးမှုအန္တရာယ်ကို ခံစားရလျက်ရှိသည်။

နာဂွန်ခရိုင်၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူနှစ်ယောက် တိုးလာပြီးနောက် သေဆုံးသူ ၃၀ ရှိလာကာ ပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားနေကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနမှ အရာရှိက ပြောကြားသည်။

ယခုလက်ရှိတွင် ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၉၅၆ ရွာတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေပြီး ၄၇၃၃၉ ဒသမ ၁၂ ဟက်တာခန့်ရှိ စိုက်ပျိုးမြေယာများ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားလျက်ရှိသည်။

ဒေသတွင်းရှိ သက်ဆိုင်ရာဌာနများက ခရိုင်ခြောက်ခုတွင် ရေဘေးကယ်ဆယ်ရေး စခန်း ၁၆၅ ခု ဖွင့်လှစ်ထားပြီး ကလေးငယ် ၁၃၉၈၈ ဦး အပါအဝင် လူဦးရေ ၆၆၈၁၃ ဦးမှာ ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေရသည်။

အာသံပြည်နယ်တွင် နှစ်စဉ်မုတ်သုံရာသီရောက်တိုင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ဖီဂျီနိုင်ငံသို့ သွားရောက်

ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပန်နီဝန်သည် ဖီဂျီနိုင်ငံသို့ နှစ်ရက်ကြာ သွားရောက်ခဲ့သည်။ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးသည် မေ ၂၆ ရက် နေ့လယ်ပိုင်းတွင် ဖီဂျီနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဖီဂျီနိုင်ငံဝန်ကြီးချုပ် ဗိုရက် ဘိန်းမာရာမားနှင့် ပစိဖိတ်ကျွန်းများဖိုရမ် (PIF) အထွေထွေအတွင်းရေးမှူး ဟန်နရီ ပူနာတို့နှင့် တွေ့ဆုံခဲ့သည်။ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးသည် မေ ၂၇ ရက်တွင် ဖီဂျီနိုင်ငံမှ ထွက်ခွာခဲ့ကြောင်း သိရသည်။

### အမေရိကန်ပြည်ထောင်စုတွင် monkeypox ရောဂါ ကူးစက်ခံရသူ ကိုးဦး တွေ့ရှိ

အမေရိကန်နိုင်ငံရှိ ပြည်နယ်ခုနစ်ခုတွင် monkeypox ရောဂါ ကူးစက်ခံရသူ ကိုးဦးတွေ့ရှိကြောင်း အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ (CDC) က မေ ၂၆ ရက်က ပြောကြားသည်။

အဆိုပါ monkeypox ရောဂါ ကူးစက်ခံရသူ ကိုးဦးမှာ ကယ်လီဖိုးနီးယား၊ ဖလော်ရီဒါ၊ မက်ဆာချူးဆက်၊ နယူးယောက်၊ ယူတား၊ ဗာဂျီးနီးယားနှင့် ဝါရှင်တန်ပြည်နယ်တို့တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

### အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ငလျင်လှုပ်သော်လည်း ဆူနာမီသတိပေးချက် မထုတ်ပြန်

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူပြည်နယ်အဝေး တစ်နေရာတွင် ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့သော်လည်း ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း မိုးလေဝသဌာနက ပြောကြားလိုက်သည်။

ငလျင်သည် ဂျကာတာစံတော်ချိန် နံနက်ပိုင်း ၉ နာရီ ၃၆ မိနစ်တွင် မာလူ ကူဘာရတ်ဒါယာဒေသ အနောက်တောင်ပိုင်းကို ဗဟိုပြုပြီး ပင်လယ်ရေအောက်အနက် ၁၀၄ ကီလိုမီတာတွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြောကြားလိုက်သည်။

## ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်မည့် ပြည်ပခရီးသွားများအတွက် ကိုဗစ်-၁၉ ကန့်သတ်ချက်အချို့ ဖြေလျှော့ပေး

**မနီလာ မေ ၂၇**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်နာလန်ထူနိုင်ရေး ဆောင်ရွက်ချက်တစ်ခုအဖြစ် မေ ၃၀ ရက်မှစ၍ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်မည့် ပြည်ပ ခရီးသည်များအနေဖြင့် ထပ်ဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပါက ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုများ ထပ်မံပြုလုပ်စရာမလိုတော့ကြောင်း ထုတ်ပြန်လိုက်သည်။

ခရီးသွားလာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေလျှော့လိုက်သည့် ယခုစည်းမျဉ်းသစ်က နိုင်ငံတွင်း ခရီးသွားများ ပိုမိုလာရောက်လာစေရေးအတွက် တွန်းအားပေးနိုင်မည်ဖြစ်ပြီး ခရီးသွားများအတွက် ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း ခရီးသွားဆိုင်ရာ အတွင်းဝန် ဘာနန်ဒက် ရိမျူလို ပူရက်က ပြောကြားသည်။ မည်သည့်ကာကွယ်ဆေးထိုးလက်မှတ် အထောက်အထားကိုမဆို လက်ခံပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

နိုင်ငံတွင်း ပြည်ပခရီးသွားဝင်ရောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြေလျှော့ပေးပြီးနောက် လာမည့်ရက်သတ္တပတ်များအတွင်း ခရီးသွားဝင်ရောက်မှုမြင့်တက်လာရန် အစိုးရက မျှော်လင့်ထားသည်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံအတွင်း ခရီးသွားများ ပိုမိုဝင်ရောက်လာပြီး ယင်းနှင့်ဆက်စပ်သည့် အသေးစားလုပ်ငန်းများအတွက် ဝင်ငွေပိုမိုရရှိလာခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာခြင်း စသည့်အကျိုးရလဒ်များ ရရှိစေမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က နိုင်ငံခြားခရီးသွားများ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အစိုးရက ခွင့်ပြုလိုက်ပြီးနောက် ပြည်ပခရီးသွား ၅၀၀၀၀၀ ခန့် ဝင်ရောက်ခဲ့ပြီး အမေရိကန်၊ တောင်ကိုရီးယားနှင့် ကနေဒါနိုင်ငံတို့မှ ခရီးသွားအများဆုံး ဝင်ရောက်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ရောဂါပျံ့နှံ့မှု ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ပြည်ပခရီးသွားများ ဝင်ရောက်မှုကို ကန့်သတ်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ ခရီးသွားကန့်သတ်ချက် ဖြေလျှော့မှုများဖြင့် ပြန်လည်ဝင်ရောက်ခွင့်ပြုခဲ့ခြင်းလည်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃ ဒသမ ၆၈ သန်းကျော်ရှိပြီး ၆၀၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ **ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် မူလတန်းကျောင်းများ ကျောင်းဝတ်စုံများ အခမဲ့ပေးအပ်



**မုံရွာ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက မုံရွာမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်ချီးမြှင့်ပြီး ကျောင်းအပ်နှံလာကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများအား အားပေးစကားပြောကြားသည်။

ရှေးဦးစွာ အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်း (အလုံ)မှ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသားတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသုံးဖတ်စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူလေးများက လက်ခံရယူကြသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ကျောင်းလာရောက်အပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုကာ အားပေးစကားပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဌာနအနေဖြင့် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် ခရိုင်နှင့် မြို့နယ်အသီးသီးတို့တွင် မေ ၂၆ ရက်နံနက်ကစတင်ပြီး ကျောင်းအပ်လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့အထိ ကျောင်းသား ကျောင်းသူလေးသောင်းကျော် လာရောက်အပ်နှံခဲ့ကြပြီး ကျောင်းအပ် လက်ခံခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ KG တန်းတွင် သင်ရိုးပုံနှိပ်စာ လေးမျိုး၊ မူလတန်း Grade – (1) မှ (5) တွင် ပုံနှိပ်၊ ဗလာစာအုပ်ခဲတံ၊ အလယ်တန်းနှင့် အထက်တန်းတွင်ဘောပင်၊ ဗလာစာအုပ်၊ ပုံနှိပ်ဘာသာစုံ အခမဲ့ပေးအပ်မည်ဖြစ်ကြောင်း၊ ၂၀၂၂–၂၀၂၃ ပညာသင်နှစ်ကာလအတွင်း မူလတန်းကျောင်းများ (Grade – 1 မှ Grade– 5 အထိ) ကျောင်းဝတ်စုံများ အခမဲ့ပေးအပ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး ( ထီးလှိုင်မြေ)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်းဘူး(စကု)မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ကြည့်ရှုအားပေး



**မင်းဘူး မေ ၂၇**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်နှင့်အတူ မေ ၂၇ ရက်က မင်းဘူး (စကု)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံခြင်း လက်ခံဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံခြင်း ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် အဆိုပါကျောင်းခန်းမ၌ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံ၍ (ဝဲပုံ) အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော ယဉ်ကျေးလိမ္မာ စာအုပ်များကို ကျောင်းတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းဘူးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို လည်းကောင်း၊ စကုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကာ ယဉ်ကျေးလိမ္မာ စာအုပ်များ လှူဒါန်းပေးအပ်သည်။

ယင်းနောက် စကုမြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ (တောင်ရပ်) ကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ပညာရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားပြီး ခေတ္တ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မင်းဘူး(စကု) မြို့နယ်၌ အခြေခံပညာကျောင်း ၁၄၉ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရှစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း သုံးကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၆၀ ရှိပြီး ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အစီအစဉ်အဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ရန်ကုန်တောင်ပိုင်းခရိုင် မိုးရာသီအကြို သစ်ပင်စိုက်ပျိုး

**ရန်ကုန် မေ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၇ ရက်က ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်းရေလှောင်တမံ ကြိုးဝိုင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်းနှင့် တက်ရောက်သူများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ရန်ကုန်တောင်ပိုင်းခရိုင် သစ်တောဦးစီးဌာနအနေဖြင့် ဘန့်ဘွေးကုန်း ရေလှောင်တမံ ကြိုးဝိုင်းအတွင်း ရေဝေရေလဲ ဇရိယာတည်တံ့ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပပြီး ရာသီဥတုပြောင်းလဲမှုဒဏ် ကာကွယ်နိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ဖြစ်ထွန်းရေး၊ သစ်တောသစ်ပင်များ စိုက်ပျိုးပြုပြင်ထိန်းသိမ်း ခြင်းကို ဒေသခံပြည်သူတို့ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပိတောက်၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ မန်ကျည်းရှား၊ မဟော်ဂနီပျိုးပင်ပေါင်း ၁၀၀၀ ကျော် စိုက်ပျိုးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**



# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များလှူဒါန်း

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စေတနာရှင် အလှူရှင်များက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်–၂၂၈ ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက မြန်မာနိုင်ငံတွင် ရှင်သန်အောင်မြင်နေသော စာကြည့်တိုက် ၆၀၀၀ ကျော် စာရင်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် စာအုပ်များ နှစ်စဉ်ဝယ်ယူပြီး ထောက်ပံ့ပေးသကဲ့သို့ ယခုအလှူရှင်များ လှူဒါန်းသည့်စာအုပ်များကိုလည်း စာကြည့်တိုက်များသို့ ပေးပို့ခဲ့ကြောင်း၊ မိမိတို့ ဖောင်ဒေးရှင်းအနေဖြင့် စာကြည့်တိုက်များ တိုးပွားရေး၊ စာအုပ်စာစောင်များ ပေးပို့ရေးတို့ကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာစီးပွားစီမံအမှုဆောင်များအသင်းဥက္ကဋ္ဌ ဦးမင်းဦးက စာအုပ်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် အလှူရှင်စာရေးဆရာ မောင်ရင့်ကျူး (မြောင်းမြ) ကိုယ်စား မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။ ဆက်လက်၍ မြန်မာစီးပွားစီမံအမှုဆောင်များအသင်းက လှူဒါန်းသော အင်္ဂလိပ်စာအုပ်မျိုးစုံ ၁၉၀၀ နှင့် စာရေးဆရာ မောင်ရင့်ကျူး (မြောင်းမြ) က တန်ဖိုး ၄၂၇၅၀၀ ရှိ အနုသယကံ့ကော် စာအုပ် ၁၇၁ အုပ် လှူဒါန်းခဲ့ရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူကြောင်း သိရသည်။

**သတင်းစဉ်**

# မေ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၂၂ ရာခိုင်နှုန်းရှိ

(၂၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၇၆,၉၆၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၂၈၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၂၆၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၇၄) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၉) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၁၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၃၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၉၀၁) ခု | (၅) ဦး |
| စုစုပေါင်း | (၈,၉၂၁) ခု | (၂၀) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


ကျန်းမာရေးဝန်ကြီးဌာန

## ၂၇-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၅၇၀၇၅၅ | ၈၁၉၃၇၄၀၆ | ၁၀၃၀၇၇၅ |
| ၂။ | အိန္ဒိယ | ၄၃၁၄၇၅၃၀ | ၄၂၆၀၇၁၇၇ | ၅၂၄၅၃၉ |
| ၃။ | ဘရာဇီး | ၃၀၈၈၀၅၁၂ | ၂၉၉၁၇၂၇၁ | ၆၆၆၂၄၈ |
| ၄။ | ပြင်သစ် | ၂၉၄၃၄၆၀၅ | ၂၈၇၄၂၀၅၅ | ၁၄၈၀၈၄ |
| ၅။ | ဂျာမနီ | ၂၆၂၃၉၆၄၁ | ၂၅၀၈၆၃၀၀ | ၁၃၉၁၁၅ |
| ၆။ | ဗြိတိန် | ၂၂၂၇၆၉၇၅ | ၂၁၈၈၅၁၄၇ | ၁၇၈၃၁၃ |
| ၇။ | ရုရှား | ၁၈၃၁၅၂၉၂ | ၁၇၇၁၉၅၉၆ | ၃၇၈၇၈၄ |
| ၈။ | တောင်ကိုရီးယား | ၁၈၀၅၃၂၈၇ | ၁၇၅၄၀၉၃၆ | ၂၄၁၀၃ |
| ၉။ | အီတလီ | ၁၇၃၃၃၂၉၉ | ၁၆၄၁၁၉၅၃ | ၁၆၆၃၅၈ |
| ၁၀။ | တူရကီ | ၁၅၀၆၇၀၇၇ | ၁၄၉၆၄၇၀၉ | ၉၈၉၄၄ |

## ၂၇-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၁၅၂၄၇ | ၉၄၃၁၄၅၀ | ၄၃၀၇၈ |
| အင်ဒိုနီးရှား | ၆၀၅၃၈၉၄ | ၅၈၉၄၃၈၀ | ၁၅၆၅၆၅ |
| မလေးရှား | ၄၄၉၉၀၅၇ | ၄၄၃၈၂၁၂ | ၃၅၆၅၆ |
| ထိုင်း | ၄၄၃၄၅၁၁ | ၄၃၅၈၃၉၆ | ၂၉၉၁၃ |
| ဖိလစ်ပိုင် | ၃၆၈၉၈၆၅ | ၃၆၂၆၉၈၈ | ၆၀၄၅၅ |
| စင်ကာပူ | ၁၂၈၆၂၁၆ | ၁၂၀၃၀၃၀ | ၁၃၈၂ |
| မြန်မာ | ၆၁၃၂၈၀ | ၅၉၂၂၆၁ | ၁၉၄၃၄ |
| လာအို | ၂၀၉၉၂၂ | ၂၀၈၃၄၄ | ၇၅၆ |
| ဘရူနိုင်း | ၁၄၇၆၆၇ | ၁၄၅၉၁၆ | ၂၂၃ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**နိုင်ငံ့သစ္စာအွန်လိုင်းအေဂျင်စီမှသတင်းထောက်ဦးအောင်ကျော်ဦးက** ၅၀၅ (က) ဖြင့် အမှုဖွင့်ခံထားရသည့် လူတစ်ယောက်က ပြစ်မှုတစ်စုံတစ်ရာမှမရှိဘဲ သူများယောင်တိုင်း လိုက်ယောင်သည့် လူဖြစ်ကြောင်း၊ သို့သော် ထိုလူကို မြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း၊ ထိုလူက ပြန်လာနေပြီး မြို့နယ်ရဲစခန်းမှာ အဆင်မပြေလျှင် မည်သည့်နေရာကို ဆက်ပြီးအကြောင်းကြားရမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** မြို့နယ်ရဲစခန်းက အဆင်မပြေစရာမရှိကြောင်း၊ မိမိတို့က လုပ်ငန်းစဉ်များကို ချပေးထားပြီးဖြစ်ကြောင်း၊ ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်အတိုင်းသာ ဆောင်ရွက်ပေးသွားလိမ့်မည်ဖြစ်ကြောင်း၊ ယုံယုံကြည်ကြည်နှင့်သွားပြီး သတင်းပို့ရန်လိုကြောင်း၊ သတင်းစာထဲတွင်လည်း ယုံကြည်စိတ်ချစွာဖြင့် သတင်းပေးပို့နိုင်ပါသည်ဟု ကြေညာထားကြောင်း၊ ထိုအတိုင်းသာ သတင်းပေးပို့ဆက်သွယ်သည့်သူများလည်း အများကြီးရှိကြောင်း၊ ၎င်းတို့အားလုံးကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်က** မိမိတို့မီဒီယာဆိုသည်မှာ အစိုးရနှင့်ပြည်သူ့အကြား ပေါင်းကူးတံတားလည်းဖြစ်ကြောင်း၊ မီဒီယာသည် ပြည်သူများ၏လိုအပ်ချက်ကို အစိုးရသိအောင်၊ အစိုးရ၏ဆောင်ရွက်ချက်များကို ပြည်သူများသိအောင် ရေးသားဖော်ပြပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ အမှန်တကယ်လိုအပ်နေသည့် ကိစ္စရပ်များကို မေးမြန်းလိုကြောင်း၊ တိုင်းနှင့်ပြည်နယ်အရပ်ရပ်တွင် မီးရထားလမ်းဘေး ကျူးကျော်၊ ကားလမ်းဘေး ကျူးကျော်နှင့် စီမံကိန်းနှင့် စည်ပင်ကျူးကျော်များကို ဖယ်ရှားရှင်းလင်းခဲ့သည်ကိုတွေ့ရကြောင်း၊ ယင်းကိစ္စများကလည်း မြို့တော်စည်ပင်သာယာရေးအတွက် အလွန်ကောင်းမွန်သောကြောင့် ထောက်ခံအားပေးကြောင်း၊ သို့သော် ကျူးကျော်ဆိုသည့် မိသားစုများက မိမိတို့နိုင်ငံသားများဖြစ်ကြောင်း၊ တချို့ပင်လယ်ကမ်းပြိုသည့်အတွက် ရွာပျက်၊ လယ်များပျက်စီးသောကြောင့် “ရေကြည်ရာမြက်နုရာ” ဟုဆိုသည့်အတိုင်း မှီတင်းနေထိုင်ရန် အဆင်ပြေသည့်နေရာသို့ ပြောင်းရွှေ့လာကြခြင်းက နှစ်ပေါင်း ၁၀ နှစ်ကျော်၊ ၁၅ နှစ်ကျော်ရှိခဲ့သည့် မိသားစုများရှိကြောင်း၊ ၎င်းတို့ အခြေတကျဖြစ်မှ ဖယ်ရှားခံရသည့်အတွက် တချို့ဆိုမည်သည့်နေရာတွင် နေရမည်မှန်းမသိကြကြောင်း၊ အိုးမဲ့အိမ်မဲ့ မိသားစုလိုက် သူတစ်ပါးအိမ်တွင် ငှားရမ်းနေထိုင်ရကြောင်း၊ ထိုသို့ဖယ်ရှားခံရသည့် အိမ်ထောင်စုဝင်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မည်သို့နေရာချထား၊ ကူညီပေးနိုင်ရန် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** မည်သည့်နေရာကိုပြောပါသလဲဟု ပြန်၍မေးမြန်းရာ သတင်းထောက် ဦးဝင်းနိုင်က ပဲခူးတိုင်းဒေသကြီးအတွင်းတွင် မိမိတွေ့ရကြောင်း ဖြေကြားသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ယခင်တုန်းကတိုင် ထိုမေးခွန်းကိုမေးမြန်းပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဖြေအတိုင်းသာ မိမိဖြေကြားမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က မြေနေရာချထားမှုဆောင်ရွက်လျက်ရှိသည်ဟု တစ်ခွန်းပဲပြောကြောင်း၊ မိမိလည်း ထိုအတိုင်း ပြောမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် ဦးရဲလင်းထွန်းက** လက်ရှိနိုင်ငံတော်အိမ်စောင့်အစိုးရ၏ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးနှင့် နိုင်ငံခြားဆက်ဆံရေးကိုင်တွယ်ပုံများသည် ပျော့ပျောင်းလွန်းသည်ဟု ပြည်သူများ၏ ဝေဖန်မှုများ မြင့်တက်နေကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်တို့အစိုးရအနေဖြင့် အမှန်တကယ်ပျော့ပျောင်းနေသည်လား၊ မနိုင်မနင်းဖြစ်နေပြီလား၊ မည်ကဲ့သို့ဖြစ်နေပြီကို သိလိုကြောင်းမေးမြန်းသည်။



သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ မေးမြန်းနေစဉ်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** တချို့သောမေးခွန်းများက ဖြေသည့်လူသည်လည်း မေးသည့်သူက မည်သည့်အတွက်ကြောင့် မေးသည်ကို ပြန်စဉ်းစားပြီးမှ မိမိဖြေရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးနှင့်ပတ်သက်ပြီး တပ်မတော်သည် ၁၉၄၈ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်တွင်းသောင်းကျန်းမှုသည် Internal Factor, External Factor ဟူ၍ရှိကြောင်း၊ ပြည်တွင်းသောင်းကျန်းမှုတစ်ခု ဖြစ်ပေါ်လာရန် ၎င်းလူများကိုကျွေးရန်၊ လက်နက်/ခဲယမ်း တပ်ဆင်ရန်၊ ၎င်းတို့မှာ လက်ရှိရှိသည့်ငွေနှင့် မည်သည့်နိုင်ငံမှ ဖြစ်စရာအကြောင်းမရှိကြောင်း၊ ယူကရိန်းကဲ့သို့နိုင်ငံမျိုးပင် အမေရိကန်လိုနိုင်ငံက ဒေါ်လာဘီလီယံ ၄၀ ခန့်ထောက်ပံ့နေရကြောင်း၊ မည်သည့်အတွက်ကြောင့် ထောက်ပံ့နေသလဲဆိုလျှင် နိုင်ငံချင်းဖြစ်သည့်စစ်ဖြစ်ကြောင်း၊ ၎င်းသည် EAO အဖွဲ့ဖြစ်ကြောင်း၊ အထောက်အပံ့မရှိဘဲ မည်သည့်အရာမှ ဖြစ်မလာကြောင်း၊ ရုတ်တရက် ဟုန်းခနဲ ထတောက်လာခြင်းမဟုတ်ကြောင်း၊ ယခင်ကတည်းကတိုင် ထည့်နေသည့်လောင်စာရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်၎င်းလူများသည် မိမိတို့နိုင်ငံသားဖြစ်သည်ကိုသိကြောင်း၊ တပ်မတော်ရှိ လက်နက်များကို အလှပြထားသည့်လက်နက်များဖြစ်သည်ဟု တချို့ကပြောကြကြောင်း၊ တချို့နေရာတိုင်းတွင် လုပ်ချင်တိုင်းလုပ်၍မရကြောင်း၊ နောက်ဆက်တွဲများ အများကြီးရှိကြောင်း၊ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးနှင့်ပတ်သက်ပြီး မိမိတို့မလုပ်ချင်သည့်အတွက် ငြိမ်းချမ်းရေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့သော် တချို့သောနေရာများတွင် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ရမည်ဖြစ်ကြောင်း။

နိုင်ငံခြားဆက်သွယ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံခြားဆက်သွယ်ရေးမူဝါဒများအတိုင်း မိမိတို့လိုက်လျောလုပ်ဆောင်ကြောင်း၊ တစ်ဖက်က ပြောသည့်အတွက်ကြောင့် နိုင်ငံခြားသံအမတ်များနှင့်ပတ်သက်ပြီး မည်သို့တုံ့ပြန်စေလိုပါသလဲ၊ နိုင်ငံခြားသံတမန်ဆက်ဆံရေးသည် အင်မတန်မှနက်နဲသည့် ကိစ္စဖြစ်ကြောင်း၊ အပေါ်ယံလေးတွင်တွေ့နေရသည့် သတင်းသာမဟုတ်ကြောင်း၊ မိမိဥပမာတစ်ခုပြောလိုသည်မှာ မြန်မာနိုင်ငံနှင့် စီးပွားရေးအဆက်အသွယ်ဖြတ်လိုသည့် နိုင်ငံများရှိကြောင်း၊ ပါးစပ်ကစီးပွားရေး အဆက်အသွယ်ဖြတ်မည်ဟုပြောပြီး သို့သော် နောက်ကွယ်က ထိတွေ့ဆက်ဆံလိုသည့်အပိုင်းများ အများကြီးရှိကြောင်း၊ ဥပမာ– ယူကရိန်းနှင့်ရုရှားတွင် ရုရှားနိုင်ငံမှ EU နိုင်ငံများသည် ဓာတ်ငွေ့မဝယ်ဘူး၊ ပိတ်မည်ပြောကြောင်း၊ ၎င်းအပြင်နေရာမှ လှည့်ပြီးရှာဖွေဝယ်ယူမည့်ပုံစံများရှိကြောင်း၊ ထိုကိစ္စသည် ၎င်းတို့အပိုင်းဖြစ်ကြောင်း၊ မိမိတို့အပိုင်းတွင်လည်း ထိုကိစ္စမျိုးများရှိနေကြောင်း၊ တချို့နေရာတွင် ယခုသတင်းစာရှင်းလင်းပွဲများတွင် မိမိတို့ပြောနေရသည့်စကားသည် ဘာလုပ်ပစ်၊ ညာလုပ်ပစ်ဟု ပြော၍လည်းမရကြောင်း၊ ပြောစရာလည်းအကြောင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် ပြောလိုသည်မှာ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးအတွက် နှစ်မျိုးဆောင်ရွက်လျက်ရှိကြောင်း၊ နံပါတ် (၁) ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ နံပါတ် (၂) ပြည်သူ့အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးလာမှုမှန်သမျှကို လုံခြုံရေးနှင့်ကာကွယ်ရေးအရ ဆောင်ရွက်သင့်သည်များ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားဆက်ဆံရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အခြေခံဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သည့်အခါတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ပတ်သက်ပြီး အထိမခံဘဲ ကာကွယ်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က မိမိမေးလိုသည်များကို ရှေ့တွင်မေးမြန်းသွားကြပြီးဖြစ်၍ ယခုသတင်းစာရှင်းလင်းပွဲသို့လာစဉ် ဆရာမတစ်ယောက်က ဖုန်းဆက်မေးမြန်းချက်နှင့်ပတ်သက်၍ မေးလိုကြောင်း၊ တာဝန်မှ ကင်းကွာသွားသည့် CDM များကို ပြန်လည်ဖိတ်ခေါ်နေသည်ကို တွေ့ရကြောင်း၊ ယခင်အစိုးရလက်ထက်တွင် နိုင်ငံရေးကိုစိတ်မဝင်စားဘဲ အမျိုးသားအရေးကို ရှေ့တန်းထားသည့် ဆရာ/ဆရာမတချို့ကို အပြစ်အမျိုးမျိုးရှာပြီး ထုတ်ပယ်ခံခဲ့ရသည့် ပုဂ္ဂိုလ်များရှိကြောင်း၊ ၎င်းတို့ကို အပြစ်ရှာခံထားရသည့်ကိစ္စများမှာလည်း တာဝန်မှလပေါင်းများစွာ ကင်းကွာနေသည့်ပြစ်မှုလောက် မကြီးကျယ်ပါကြောင်း၊ ထို့ကြောင့် ထိုဆရာမများကို ဖိတ်ခေါ်သည့်အထဲတွင် ပါစေလိုကြောင်း၊ ပါ/မပါလည်း မိမိတို့ တိတိကျကျမသိရကြောင်း၊ ပုဒ်မ ၅၀၅ ဖြင့် ငြိစွန်းသည့် ဆရာမများလည်း ပြန်လျှောက်လို့ရ/မရလည်း သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** သတင်းထောက်ကြီး၏ဆိုလိုရင်းကို မသိရှိကြောင်း ပြန်လည်မေးမြန်းရာ ဒေါက်တာစိုးမြင့်ဦးက တာဝန်မှ ကင်းကွာသွားသည့် ပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်သည့်ကိစ္စကိုဆိုလိုကြောင်း၊ ယခင်က ပြစ်မှုကြီးကြီးမားမားမရှိဘဲ ထုတ်ပယ်ခံထားရသည့် ဆရာ/ဆရာမများကိုလည်း ဖိတ်ခေါ်သည့်အထဲတွင် ပါ/မပါ သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ပညာရေးဝန်ကြီးဌာနနှင့် မိမိတို့ထုတ်ပြန်ထားသည့်အထဲတွင် ထုတ်ပယ်ခံထားရသည့်သူများဟု မပါကြောင်း၊ ကင်းကွာသွားသည့်သူများသာပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ ယခင်က ဆရာမတစ်ယောက်လည်း အငြိမ်းစားယူသွားပြီးမှ ပြန်၍အလုပ်ဝင်လိုသူဟု မိမိထင်ကြောင်း၊ ကိစ္စကိုလည်း သက်ဆိုင်ရာကို တင်ပေးလိုက်ကြောင်း၊ ထိုလမ်းကြောင်းအတိုင်း သက်ဆိုင်ရာသို့ တင်ပါဟုပြောလိုကြောင်း၊ ထုတ်ပယ်ခံထားရသည့် သူများမပါကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press မှ အယ်ဒီတာ ဒေါက်တာစိုးမြင့်ဦးက** Social Media တွင် ပညာရေးဝန်ကြီး ဖရဲသီးစသည်ဖြင့် ရေးသားထားသည်ကိုတွေ့ရကြောင်း၊ တချို့တွင် ပြစ်မှု၊ ပြစ်ဒဏ်မပေါ်လွင်သော်လည်း အတင်းအဓမ္မဆွဲသွင်းပြီး ဖြုတ်ချခြင်းမျိုးများရှိကြောင်း၊ ထိုဆရာမကိုလည်း တရားလွှတ်တော်ချုပ်ရုံးမှ စာချွန်တော်မင်းအာဏာဖြင့် ပြန်ပြီး တရားစွဲသည့်အခါတွင် အနိုင်ရရှိသော်လည်း ပြန်ပြီးစစ်မည်ဟုဆိုကာ ပြန်လည်ဖြုတ်ထုတ်သည်များလည်းရှိကြောင်း၊ အငြိုးအတေးကြီးပြီး ဆရာတစ်ယောက်ကိုလည်း

*စာမျက်နှာ ၁၇ သို့*

# ဒက္ခိဏာသီရိမြို့နယ် စက်မှုဇုန်အတွင်းရှိ လုပ်ငန်းများကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၂၇**

နေပြည်တော် ဒက္ခိဏာသီရိ အသေးစားနှင့်အလတ်စား စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၆ ရက်က ဒက္ခိဏာသီရိမြို့နယ် စက်မှုဇုန်ရှိ PPEC Construction ကုမ္ပဏီလီမိတက်၌ ပြုလုပ်ရာ နေပြည်တော်အသေးစားနှင့် အလတ်စား စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဒက္ခိဏာသီရိ အသေးစားနှင့်အလတ်စား စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် စက်မှုဇုန်အတွင်း မြေနေရာချထားမှုများနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် ဒက္ခိဏာသီရိစက်မှုဇုန်တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် မြန်မာ့စိမ်းတက်အောင်ကုမ္ပဏီ၏ PPC ရေပိုက်ထုတ်လုပ်မှုလုပ်ငန်းနှင့် နယူးရော စပါးအခြောက်ခံစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၆ မှ*

ထိုနည်းလည်းကောင်းဖြစ်ကြောင်း၊ ကာယကံရှင်က ပြစ်မှုမကျူးလွန်ကြောင်းပြောသော်လည်းမရဘဲ ထုတ်ပယ်လိုက်ကြောင်း၊ နောက်ဆုံးလုပ်ကြံခံရသည်အထိ အငြိုးအတေးကြီးကြောင်း၊ ထိုကိစ္စများသည် တရားမျှတမှုမရှိသကဲ့သို့ဖြစ်နေကြောင်း၊ ယင်းကိစ္စများကို မည်သို့လုပ်၍ရမည်ကိုသိလိုကြောင်း၊ ထုတ်ပယ်လိုက်သည့်အခါမှာလည်း အတော်ပင်မမျှမတဖြစ်နေကြောင်း၊ အကျိုးအကြောင်း ခိုင်လုံစွာဖြင့် တင်ပြသော်လည်း ထူးခြားမှုမရှိကြောင်း၊ ယခင်လူများဆုံးဖြတ်ထားသည်ကိုသာ ဥပဒေနှင့်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ကာကွယ်ပြီးပြောဆိုနေသဖြင့် အချိန်ကုန်နေသောကြောင့် ကာယကံရှင်များအနေဖြင့် နစ်နာနေရကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုကိစ္စကို မိမိအနေဖြင့် ထပ်တင်ပါဟု ပြောလိုကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ထိုကဲ့သို့သောကိစ္စမျိုး အမ်းမြို့အနီးအနားက ရွာတစ်ရွာနှင့်ပတ်သက်၍ မေးမြန်းဖူးကြောင်း၊ ယင်းရွာနှင့်ပတ်သက်ပြီး မည်သို့နစ်နာနေကြောင်း၊ ရွာသားများနစ်နာနေကြောင်း၊ ယင်းနှင့်ပတ်သက်၍ အမှန်တကယ် မြေပြင်တွင်စုံစမ်းသည့်အခါ မြေပြင်တွင် သက်သေအထောက်အထားအရ ၂၀၀၇ ခုနှစ်ကတည်းက ထိုရွာသည် မြေပြိုသဖြင့် ပြောင်းသွားကြကြောင်း၊ ထိုပြောင်းသွားသည့်နေရာကို တိုင်းစစ်ဌာနချုပ်က ရောက်သည့်အခါ စစ်မှုထမ်းများကို နေရာချသည့်အချိန်တွင် စစ်မှုထမ်းဟောင်းများသည် ယင်းမြေပြိုသွားသည့်နေရာကို ၎င်းတို့က နေရာယူကြောင်း၊ စစ်မှုထမ်းဟောင်းများရောက်လာပြီး လမ်းပေါက်သည့်အချိန်မှ တချို့ရွာသားများက ပြန်ရောက်လာသည်ကို သိရကြောင်း၊ ယခုမိမိပြောလိုသည်မှာ ယင်းကိစ္စနှင့်ပတ်သက်၍ စာထပ်တင်ပါဟု ပြောလိုကြောင်း၊ တချို့ကိစ္စများသည် ပုဂ္ဂလိကပိုင်းဆိုင်ရာနှင့် ဌာနပိုင်းဆိုင်ရာ ထိခိုက်နိုင်ကြောင်း၊ ထိုကိစ္စများသည် မှန်၊ မမှန်ဆိုသည်ကို မိမိတို့အောက်ခြေအထိလိုက်ပြီးမှသာ သိရမည်ဖြစ်ကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကို ပြည်သူလူထုတစ်ရပ်လုံးကြည့်နေခြင်းဖြစ်၍ စွပ်စွဲခံရသူနှင့် စွပ်စွဲသူဘက်မှ မျှတရန်လိုကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကို တချို့ပြည်သူများ နားထောင်နေခြင်းကြောင့် ထိုကိစ္စသည် ဖြစ်နိုင်/မဖြစ်နိုင် ဆင်ခြင်သည်ထက် လူသည် အကြားနှစ်ခု ကြားသည့်အခါ ဦးနှောက်နှင့် ဆုံးဖြတ်ခြင်းထက် နှလုံးသားနှင့် ခံစားတာများကြောင်း၊ နှလုံးသားနှင့်ခံစားတာများသောကြောင့် "မတရားဘူး" ဒါကတော့ ဖြစ်နိုင်တယ်ဆို၍ ဖြစ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Live လွှင့်ပြီး ပြော၍ရတိုင်း အခွင့်အရေးကို အသုံးမချသင့်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press မှ အယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က မိမိတို့ သတင်းစာရှင်းလင်းပွဲတွင် တင်ပြသည့်အခါ တချို့ဝန်ကြီးဌာနများက အရေးတယူ ဆောင်ရွက်ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့်အပတ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဝန်ကြီးကိုယ်တိုင် ချက်ချင်းချိတ်ဆက်ပြီး လျင်လျင်မြန်မြန် ဆောင်ရွက်ပေးကြောင်း၊ တချို့ဌာနများသည် တင်ပြစာတင်သော်လည်း မည်သို့မျှတုံ့ပြန်ခြင်းမျိုးမရှိကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် တင်ပြချက်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအားလုံးက အလေးပေးဆောင်ရွက်မှု ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းကိစ္စသည် ဝန်ကြီးဌာန၏ လုပ်ဆောင်ရသည့်အလုပ်၊ ဦးစားပေးလုပ်ငန်းများ ပါ/မပါ အပေါ်မူတည်လိမ့်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**အထူးဟစ်တိုင်သတင်းဌာနမှ သတင်းထောက် ဦးတင်နိုင်ထွန်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုလက်ရှိ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် ပညာရေး၊ စီးပွားရေးပါမကျန် အစစအရာရာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ သို့သော် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့တွင် ဖြစ်ချင်တိုင်းဖြစ်နေကြောင်း၊ တစ်ဆိတ်ရှိရင် တပ်ကိုတိုင်လိုက်မည်စသည်ဖြင့် နေရာတကာ တပ်ကိုအားကိုးပြီး လုပ်ချင်တိုင်းလုပ်နေကြောင်း၊ ပြည်သူများကို မောက်မောက်မာမာဖြင့် ဆက်ဆံကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းတွင် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ပြည်သူများကို ၅၀၅ တပ်ပြီး ဖမ်းဆီးကာ ပိုက်ဆံများတောင်းကြောင်း၊ ပိုက်ဆံများတောင်းပြီး ပြန်လွှတ်ကြောင်း၊ ယင်းသို့လုပ်သည်များကို ပြည်သူများက မသိကြောင်း၊ နားလည်သူများက သက်ဆိုင်ရာကို အကြောင်းကြားပြီး တပ်ကိုသတင်းပို့သည့်အခါ လက်ရှိတွင် သက်ဆိုင်ရာက ဖမ်းဆီးထိန်းသိမ်းပြီး အရေးယူဆောင်ရွက်ထားရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်ရှိအောက်ခြေတွင် ဖြစ်ပေါ်နေသည့် အဖြစ်အပျက်များကို မည်ကဲ့သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းကိစ္စသည် မည်သည့်နေရာတွင်ဖြစ်ကြောင်း ပြန်လည်မေးမြန်းရာ အထူးဟစ်တိုင် သတင်းထောက် ဦးတင်နိုင်ထွန်းက လက်ရှိဖြစ်နေသည်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်တွင်ဖြစ်ကြောင်း၊ လက်ရှိတွင် ဖမ်းဆီးထိန်းသိမ်းထားပြီး အရေးယူဆောင်ရွက်ထားကြောင်း ပြန်လည်ဖြေကြားသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်ကိုတိုင်ပါဟု ပြောလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရှိလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်နိုင်ကြောင်း၊ ယင်းသို့တိုင်သည့်နေရာတွင် လူကိုယ်တိုင်သွားပြီးတိုင်ရန်မဟုတ်ကြောင်း၊ ၎င်းတို့၏ Website ကိုလည်းဖွင့်ထားပြီးဖြစ်ကြောင်း၊ မည်သို့တိုင်ရမည်ကိုလည်း ပြောထားပြီးဖြစ်ကြောင်း၊ အချက်အလက်များထည့်ပြီး တိုင်နိုင်ကြောင်း၊ တခြားကိုလည်းတိုင်ချင်ပါက သက်သေအထောက်အထား ခိုင်လုံစွာဖြင့်တိုင်နိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**အထူးဟစ်တိုင်သတင်းဌာနမှ သတင်းထောက် ဒေါ်ခင်မီမီသက်**က လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် အဂတိမှုများ၊ မတရားမှုများစစ်ဆေးဆောင်ရွက်နေသည်ကို တွေ့မြင်သိရှိရကြောင်း၊ သို့သော် ယခုလက်ရှိအွန်လိုင်းပေါ်တွင် တွေ့ရှိနေရသည့် သတင်းတစ်ခုအနေနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်၊ ခုနစ်မိုင်ချမ်းသာကျေးရွာ မိသားစုများ၏ ဆိုင်ခန်း ၆၁ ခန်းကိစ္စနှင့်ပတ်သက်ပြီး တိုင်ကြားစာများအပေါ်မှာ စစ်ဆေးဆောင်ရွက်ခြင်းမရှိဘူးဟု တွေ့ရှိရကြောင်း၊ အလားတူအဖြစ်မျိုးကိုလည်း နေရာဒေသအများအပြားတွင် တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးများအနေနှင့် ပြည်သူများ၏တိုင်ကြားစာများအပေါ် အောက်ခြေမှစစ်ဆေးတင်ပြချက်များကိုသာ စစ်ဆေးခြင်းမပြုဘဲ အောက်ခြေအထိ ကွင်းဆင်းစစ်ဆေးခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အစိုးရ၏အုပ်ချုပ်မှုယန္တရားများအနေနှင့် အဆင့်ဆင့်အုပ်ချုပ်ရသည်ဖြစ်ကြောင်း၊ အထူးအရေးကြီးသည့်ကိစ္စဆိုလျှင် အထူးအရေးကြီးသည့်အလျောက် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေနှင့် လုပ်ထုံးလုပ်နည်း ဘောင်ကိုကျော်ပြီး လုပ်စရာအကြောင်းမရှိဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Top Phoenix Agency မှ သတင်းထောက် ဦးမင်းထွဋ်ဦး**က စက်သုံးဆီဈေးနှုန်းမတည်မငြိမ်ဖြစ်နေသည်မှာ စက်သုံးဆီပြတ်လပ်မှုကြောင့်ဖြစ်ကြောင်း၊ ယမန်နေ့က ရန်ကုန်တွင် ဈေးနှုန်းတချို့ ရှိပါကြောင်း၊ ယနေ့ဈေးနှုန်း တစ်လီတာကို ၃၅ ကျပ် ထိကွာသွားခြင်းရှိပါကြောင်း၊ စက်သုံးဆီဆိုင်အချို့ပိတ်နေပါကြောင်း၊ ဒီဇယ်မှအပ 92/95 ပြတ်လပ်နေသဖြင့် မရောင်းချနိုင်ဟုဆိုပါကြောင်း၊ ယနေ့ ၁၂ နာရီအချိန်က လှိုင်သာယာက Denko ဆီဆိုင်ကို မိမိတို့အဖွဲ့များ ဆီသွားထည့်သည့်အခါတွင် ယနေ့ဈေးနှုန်းအခြေအနေနှင့် မနက်ဖြန်တွင်လည်း ထပ်တက်မည်ဟုသိရပါကြောင်း၊ အောက်ခြေတွင် ဆိုင်များပိတ်နေသည်ကို ကော်မတီဖွဲ့ထားသည့်အဖွဲ့များ အောက်ခြေအထိဆင်းပြီး ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှု မည်သို့ဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယမန်နေ့က ဖြစ်ပျက်သည်များကို ရန်ကုန်က မိမိတို့ထံပြောခြင်းများရှိကြောင်း၊ တချို့ဓာတ်ပုံရိုက်ပြပါကြောင်း၊ တချို့ဆိုင်များသည် ဆိုင်းဘုတ်များ ရေးထားသည်များရှိကြောင်း၊ မည်သည့်ဆီမှ မရတော့ပါဟု မိမိတို့တွေ့ပါကြောင်း၊ မိမိတို့ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က စက်သုံးဆီကဏ္ဍနှင့်ပတ်သက်၍ နှစ်ပိုင်းရှိကြောင်း၊ စက်သုံးဆီပြတ်လပ်မှုနှင့် စက်သုံးဆီဈေးနှုန်းဖြစ်ပါကြောင်း၊ စက်သုံးဆီ ပြည်တွင်းလိုအပ်မှု ပြတ်လပ်မှုမရှိစေရေး ကော်မတီများအနေနှင့် တင်သွင်း/ဖြန့်ဖြူး/ ရောင်းချမှုကို မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း/ ရောင်းချ/ ဖြန့်ဖြူးရေးအသင်းနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်၏ ရက်ပေါင်းများစွာအတွက် နိုင်ငံတော်အရန်ဆီ သိုလှောင်ထားရှိပါကြောင်း၊ ဖြန့်ဖြူးနိုင်ပါကြောင်း၊ ဈေးနှုန်းပိုင်းတွင် ပြည်တွင်းသုံးစွဲမှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပြည်ပကတင်သွင်းရပါကြောင်း၊ ကမ္ဘာ့ရေနံဈေး၊ ကမ္ဘာ့ဆီဈေး အပြောင်းအလဲအပေါ်တွင် မိမိတို့ပြည်တွင်းဈေးနှုန်း ရိုက်ခတ်မှုရှိပါကြောင်း၊ ယခုရက်ပိုင်းအတွင်းတွင် ကမ္ဘာ့ရေနံဈေး၊ ကမ္ဘာ့ဆီဈေး တော်တော်ပြောင်းလဲပါကြောင်း၊ ပြီးခဲ့သည့် မေ ၁ ရက်မှ မေ ၁၉ ရက်အထိ ဆီတစ်စည်ကို ဒေါ်လာ ၂၀ ကျော် တက်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တက်သည့်ဈေးပေါ်တွင် လုပ်ငန်းရှင်များ ဈေးကစားခြင်းမရှိအောင် ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီဈေး၊ လက်ကားဈေးများကို သတင်းစာများတွင် နေ့စဉ်ကြေညာပေးနေပါကြောင်း၊ ဝယ်ယူသုံးစွဲရာတွင် အဆင်မပြေပါက တိုင်ကြားနိုင်သည့်ဖုန်းနံပါတ်များ ထည့်ထားပါကြောင်း၊ မိမိတို့ ကော်မတီများအနေဖြင့် ထိုသို့ဆောင်ရွက်နေကြောင်း ဖြည့်စွက်ဖြေကြားသည်။

> **"စက်သုံးဆီ ပြည်တွင်းလိုအပ်မှု ပြတ်လပ်မှုမရှိစေရေး ကော်မတီများအနေနှင့် တင်သွင်း/ဖြန့်ဖြူး/ရောင်းချမှုကို မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်း/ ရောင်းချ/ ဖြန့်ဖြူးရေးအသင်းနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိ၊ ပြည်တွင်းလိုအပ်ချက်၏ ရက်ပေါင်းများစွာအတွက် နိုင်ငံတော်အရန်ဆီ သိုလှောင်ထားရှိ၊ ဖြန့်ဖြူးနိုင်၊ ဈေးနှုန်းပိုင်းတွင် ပြည်တွင်းသုံးစွဲမှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပြည်ပက တင်သွင်းရ၊ ကမ္ဘာ့ရေနံဈေး၊ ကမ္ဘာ့ဆီဈေး အပြောင်းအလဲအပေါ်တွင် မိမိတို့ပြည်တွင်းဈေးနှုန်း ရိုက်ခတ်မှုရှိ"**

ဆက်လက်၍ **Top Phoenix Agency မှ သတင်းထောက် ဦးမင်းထွဋ်ဦး**က စက်သုံးဆီများ ဝယ်ယူဖြန့်ဖြူးရေးကို အုပ်စုတစ်စုတည်းကကြီးစိုးပြီး တင်သွင်းနေ၍သာ ဆီဈေးများ မတည်မငြိမ်ဖြစ်ရကြောင်း၊ အကယ်၍ အလားတူ ကုမ္ပဏီအသင်းအဖွဲ့များကို ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့်သွင်းမည်ဆိုပါက ဆီဈေးကျနိုင်သည်ဟု ဆိုကြကြောင်း၊ ထိုအခြေအနေကို မည်သို့ဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က သတင်းထောက်ကြီးပြောသကဲ့သို့ အသင်းအဖွဲ့ဆိုသည်မှာ အဆိုပါလုပ်ငန်းလုပ်သူအားလုံးသည် အဆိုပါအသင်းအဖွဲ့တွင် ပါဝင်ပါကြောင်း၊ တင်သွင်းနေသည့် လုပ်ငန်းရှင်များစွာရှိပါကြောင်း၊ သင်္ဘောတစ်စင်းကို လုပ်ငန်းရှင်သုံးလေးဦးစပ်၊ သင်္ဘောတစ်စင်းကို တစ်ဦးတည်း တင်သွင်းကြကြောင်း၊ ဈေးကစားမှုမရှိအောင် ကော်မတီအနေဖြင့် ဆောင်ရွက်နေပါကြောင်း ပြန်လည်ဖြေကြားသည်။ ။

# ဂျပန်နိုင်ငံ၌ ဩစတြေးလျ စိုက်/မွေးထုတ်ကုန်များအတွက် ယှဉ်ပြိုင်မှုမြင့်တက်

**ကင်ဘာရာ မေ ၂၇**

ကုန်သွယ်မှု သဘောတူစာချုပ်အသစ်များသည် ဂျပန်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးကုန်စည်အချို့အတွက် ဩစတြေးလျ၏ အကောက်ခွန်နှုန်းဆိုင်ရာ အားသာချက်များကို လျော့ကျစေရာ ယခုအခါ ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ယခင်ကထက် ပိုအရေးကြီးလာကြောင်း သိရသည်။

သဘောတူစာချုပ် အသစ်များဖြစ်သည့် ဩစတြေးလျ- အိန္ဒိယ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်နှင့် ဩစတြေးလျ-ဗြိတိန် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များက ဩစတြေးလျ၏ စိုက်ပျိုးရေးကုန်သွယ်မှုတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ပြီး JAEPA သည် ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များကို ဩစတြေးလျ၏ အကြီးဆုံးစိုက်ပျိုးမွေးမြူရေးပို့ကုန် သုံးခုဖြစ်သည့် အမဲသား၊ ဒိန်ခဲနှင့် ဝိုင်တို့အတွက် ယှဉ်ပြိုင်နိုင်သည့် အခွင့်ကောင်းပေးစွမ်းခဲ့သည်။ သို့သော်လည်း ဂျပန်နိုင်ငံ၏ FTAs အသစ်များကြောင့် ဩစတြေးလျနိုင်ငံ၏ အကောက်ခွန်နှင့် ခွဲတမ်းနှုန်း အားသာချက်များမှာ လျော့နည်းလာခဲ့သည်။

ဂျပန်နိုင်ငံ အမဲသားဈေးကွက်ရှိ ဩစတြေးလျ၏ဝေစုသည် ပမာဏအားဖြင့် ၂၀၁၈ တွင် ၅၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၂၀၂၁ခုနှစ်တွင် ၄၀ ဒသမ ၁ ရာခိုင်နှုန်းသို့ လျော့ကျသွားသည်။ ဒိန်ခဲတွင်လည်း JAEPA အပြင် အီးယူ၊ နယူးဇီလန်နှင့် အမေရိကန်နိုင်ငံတို့က ဂျပန်နိုင်ငံသို့ တင်ပို့မှုအတွက် ကုန်သွယ်ရေးသဘောတူညီချက်များ ရရှိထားပြီးဖြစ်သည်။ JAEPA အရ လက်မှတ်ရေးထိုးစဉ်ကတည်းက ဩစတြေးလျဝိုင်များသည် ဂျပန်ဈေးကွက်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိနေပြီဖြစ်ပြီး ဂျပန်နိုင်ငံသို့ ဝိုင်တင်ပို့မှုသည် ၂၆ ဒသမ ၆ ရာခိုင်နှုန်း တိုးလာပြီး ၂၀၁၄ ခုနှစ်တွင် ဒေါ်လာ ၄၀ ဒသမ ၄ သန်းမှ ၂၀၂၁ ခုနှစ်တွင် ၅၁ ဒသမ ၂ သန်းအထိ တိုးလာခဲ့ကြောင်း သိရသည်။




လက်ရှိတွင် အီးယူ၊ ချီလီနှင့် ဩစတြေးလျတို့က ဝိုင်ကို အကောက်ခွန် သုညရာခိုင်နှုန်းဖြင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ယင်းက အမေရိကန်၊ တောင်အာဖရိကနှင့် အာဂျင်တီးနားတို့ကဲ့သို့ ပြိုင်ဘက်များထက် သာလွန်ကောင်းမွန်စေပြီး ဩစတြေးလျဝိုင်သည် ဂျပန်နိုင်ငံတွင် ထူးထူးခြားခြား ထုတ်ကုန်တစ်ခုအဖြစ် ရှိနေသေးကြောင်း သိရသည်။

## အော်ဂဲနစ်ဆန်စိုက်ပျိုးရေး ပြန်လည်မြှင့်တင်ရန် ထိုင်းအစိုးရ ကြိုးပမ်း

ထိုင်းနိုင်ငံအစိုးရသည် လယ်သမားများ၏ ဝင်ငွေကို မြှင့်တင်ရန်နှင့် လယ်ယာကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အော်ဂဲနစ်ဆန်များ အရှိန်မြှင့်တင်စိုက်ပျိုးသွားရန် တာဝန်ရှိဌာနဆိုင်ရာများအား ညွှန်ကြားထားသည်။ ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန် Boonyarit Kala yanamit အဆိုအရ ဧပြီ ၂၇ ရက်တွင် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပခဲ့သည့် အမျိုးသားဆန်စပါးမူဝါဒကောင်စီအစည်းအဝေးတွင် ဆက်စပ်ဌာနဆိုင်ရာများအနေဖြင့် အော်ဂဲနစ်ထုတ်ကုန်ဈေးနှုန်း မြှင့်တင်ရေးစီမံကိန်း ဒုတိယအဆင့် (၂၀၂၂-၂၀၂၅) တွင် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် အမိန့်ပေးခဲ့ကြောင်း သိရသည်။

အမျိုးသား ဆန်စပါးမူဝါဒကောင်စီအနေဖြင့် ယခုနှစ်အတွင်း အော်ဂဲနစ်ဆန် စိုက်ပျိုးရေးအတွက် ထောက်ပံ့ငွေဘတ် ၁၄၆ သန်းကို အတည်ပြုခဲ့ပြီး ဈေးကွက်ရရှိရေးနှင့် အရည်အသွေးစံချိန်စံညွှန်း တိုးတက်ရေးအတွက် တောင်သူလယ်သမားများအား အကူအညီပေးရန် အစိုးရဌာနဆိုင်ရာများအား ညွှန်ကြားထားသည်။ အရှေ့မြောက်ပိုင်းတွင် အော်ဂဲနစ်ဆန် အဓိကစိုက်ပျိုးသည့် မြေဧရိယာရိုင် ၇၀၀၀၀၀ ရှိပြီး ထိုင်းလယ်သမားများသည် ၂၀၂၁ ခုနှစ်တွင် တရုတ်၊ ဂျပန်နှင့် ဥရောပသို့ အော်ဂဲနစ်ဆန်တန်ချိန် ၁၀၀၀၀၀ တင်ပို့ရောင်းချရန်အတွက် လယ်သမားများအနေဖြင့် ရပ်ရွာအခြေပြုစီးပွားရေးလုပ်ငန်းအသင်းများကို ထူထောင်ထားခဲ့သည်။

## ယခုနှစ် ထိုင်းအစားအစာ ပြည်ပတင်ပို့မှု ၅ ရာခိုင်နှုန်း တိုးတက်နိုင်

**ဘန်ကောက် မေ ၂၇**

ရုရှား- ယူကရိန်း ပဋိပက္ခနှင့် နိုင်ငံအများအပြားတို့တွင် အစားအစာမလုံလောက်မှုအပေါ် စိုးရိမ်မှုများကြောင့် ယခုနှစ် ပထမသုံးလပတ်တွင် ထိုင်းအစားအစာ ပြည်ပတင်ပို့မှု ၂၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယခုနှစ် တစ်နှစ်လုံးအတွက် ၅ ရာခိုင်နှုန်း တိုးတက်လာလိမ့်မည်ဟု ထိုင်းအစားအစာ ပြည်ပတင်ပို့သူများက မျှော်မှန်းထားကြသည်။ ထိုင်းအစားအစာ ထုတ်လုပ်သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Visit Limlurcha က ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် နိုင်ငံအများအပြား၌ အစားအစာဖူလုံရေးအတွက် စိုးရိမ်နေကြပြီး အစားအစာတင်သွင်းသူများသည် အစားအစာပြတ်လပ်မှုမရှိစေရေး အရှိန်မြှင့်တင်ဆောင်ရွက်နေကြသည်ဟု ဆိုသည်။

အများဆုံးတင်ပို့သည့် ထုတ်ကုန် ၁၀ မျိုးတွင် အပင်နှင့်တိရစ္ဆာန်များမှ အဆီနှင့် စားသုံးနိုင်သောဆီများ၊ သကြား၊ တင်လဲရည်၊ အစေ့အဆန်များ၊ ပြောင်း၊ အသားများနှင့် စားသုံးနိုင်သော တိရစ္ဆာန်အစိတ်အပိုင်းများ၊ ရေဘဝဲ၊ အိမ်မွေးတိရစ္ဆာန်အစားအစာများ၊ ဆန်၊ ငါးနှင့် ဟင်းခတ်အမွှေးအကြိုင်များပါဝင်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ဈေးကွက်များတွင် အာဆီယံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဗြိတိန်၊ အိန္ဒိယ၊ နယ်သာလန်နှင့် ထိုင်ဝမ်တို့ ပါဝင်ကြကြောင်း သိရသည်။

ယခုနှစ်အတွက် အစားအစာ ပြည်ပတင်ပို့မှုအနေဖြင့် ၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းခဲ့ကြောင်း၊ စီးပွားရေး ပြန်လည်နာလန်ထူလာမှု၊ ကုန်သွယ်ဖက်နိုင်ငံများအကြား စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများ တိုးတက်လာခြင်း၊ ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုများနှင့် ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် အစားအစာထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်နှောင့်နှေးမှုနှင့် စွမ်းအင်ဈေးနှုန်းကြီးမြင့်မှု၊ လယ်ယာထုတ်ကုန် ကုန်ကြမ်းစရိတ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် ထုပ်ပိုးမှုစရိတ်စကများ စသည့်စိန်ခေါ်မှုများမှာ ဆက်လက်ရှိနေသေးသည်။



## အီးကောမာ့စ်နှင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှု သင်တန်းတက်ရောက်နိုင်

**ရန်ကုန် မေ ၂၇**

E -Commerceနှင့် ဆက်နွှယ်သည့် အတွေ့အကြုံများဖလှယ်ရန်၊ E-Commerce အသုံးပြု၍ နိုင်ငံစီးပွားရေးကို မြှင့်တင်နိုင်ရန်၊ WTO အောက်ရှိ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်များကို ပိုမိုနားလည် သဘောပေါက်စေရန်၊ အနာဂတ် WTO ဆွေးနွေးညှိနှိုင်းမှုများတွင် E-Commerce နှင့် ပတ်သက်သည်များကို သင်ကြားပို့ချပေးသွားမည့် E-Commerce and Digital Trade: Opportunities and Challenges သင်တန်းကို ဇူလိုင်လအတွင်း လေးရက်ကြာ E-learning ဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။

သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသည့် UMFCCI အသင်းသူ၊ အသင်းသားများအနေဖြင့် သင်တန်းပြီးဆုံးသည်အထိ အမှန်တကယ် တက်ရောက်နိုင်သူများဖြစ်ရန် လိုအပ်သည့်အပြင် သင်တန်းသို့ E-Commerce ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆက်စပ်နေသည့် အင်္ဂလိပ်စာ အရေး၊ အဖတ်ကျွမ်းကျင်သော အလယ်အလတ်နှင့် အထက်အဆင့်ရှိဝန်ထမ်းများ လျှောက်ထားနိုင်ပြီး သင်တန်းကြေးကို စင်ကာပူအစိုးရ၏ အစီအစဉ်မှ ကျခံပေးမည်ဖြစ်ကာ လျှောက်ထားလာသူများကို အသင်းချုပ်မှ စိစစ်ရွေးချယ်ပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည့်အခါတွင်လည်း အစီရင်ခံစာ ပြန်လည်တင်ပြနိုင်ရမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုပါက အမည်စာရင်း၊ ရာထူး၊ ကုမ္ပဏီ/အဖွဲ့အစည်း၊ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အသင်းချုပ်အသင်းဝင်ကတ် မိတ္တူတို့ကို ပူးတွဲ၍ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် HRD ဌာန၊ Email: hrd@umfcci.com.mm နှင့် ဖုန်းနံပါတ် ၂၃၁၄၃၄၄~၄၉ (လိုင်းခွဲ ၁၃၃၊ ၁၃၄) သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး မေ ၃၀ ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

ကိုရိုး

## တရုတ်နိုင်ငံ၌ ကော်ဖီသောက်သုံးမှုမြင့်တက်ခြင်းကြောင့် တင်သွင်းနိုင်ငံများအဆင်ပြေ

**ကင်ဘာရာ မေ ၂၇**

တရုတ်နိုင်ငံ၌ ကော်ဖီသောက်သုံးမှုသည် ၂၀၁၈-၂၀၁၉ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ၁၄၀ ရာခိုင်နှုန်းအထိ တိုးလာပြီး ၂၀၂၁ခုနှစ်တွင် ၁၄၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ထိုပမာဏအနက် ဩစတြေးလျက တင်သွင်းမှုဒေါ်လာ ၁ ဒသမ ၁၂ ဘီလီယံအထိ ရှိခဲ့သည်။ မလေးရှား၊ ဗီယက်နမ်၊ ဂျပန်၊ ဂွါတီမာလာနှင့် ကိုလံဘီယာတို့သည် ထိပ်တန်းတင်သွင်းသူ ငါးဦးဖြစ်ပြီး စုစုပေါင်း ကော်ဖီတင်သွင်းမှု၏ ၅၇ ရာခိုင်နှုန်းခန့်ရှိကြောင်း တရုတ်အကောက်ခွန်ဌာန၏ ထုတ်ပြန်သောစာရင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် အလျင်မြန်ဆုံးကြီးထွားလာနေပြီး ယခုနှစ်ဧပြီလကုန်အထိ တရုတ်နိုင်ငံတွင် ကော်ဖီဆိုင်ပေါင်း ၁၁၀၀၀၀ ခန့်ရှိသည်။ တရုတ်နိုင်ငံ၏ တတိယအကြီးဆုံး ကော်ဖီသောက်သုံးသည့် မြို့ဖြစ်သော ချန်ဒူးမြို့တွင် ၂၀၂၀ ပြည့်နှစ်က တစ်ရက်လျှင် ကော်ဖီဆိုင်တစ်ဆိုင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် Starbucks ဆိုင်ပေါင်း ၅၄၀၀ ကျော်ရှိပြီး Luckin Coffee ကဲ့သို့သော ဒေသတွင်းပြိုင်ဘက်များသည်လည်း လုပ်ငန်းများကို တိုးချဲ့နေကြသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့အလယ်အလတ်ကော်ဖီထုတ်လုပ်သူဖြစ်ပြီး ထုတ်လုပ်မှုအများစုမှာ ပြည်တွင်း၌ စားသုံးကြခြင်းဖြစ်သည်။

USDA မှ ပညာရှင်များက ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုသည် ၆၀ ကီလိုဂရမ်အိတ် ၁ ဒသမ ၇၅ သန်းအထိ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။ တရုတ်ကော်ဖီထုတ်လုပ်သူများသည် ကော်ဖီထုတ်လုပ်မှုတွင် အမြတ်အစွန်းနည်း၍ အခြားသီးနှံများဆီသို့ ပြောင်းလဲနေကြသည်။ တရုတ်နိုင်ငံ၏ ကော်ဖီတင်သွင်းမှုသည် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၆၀ ကီလိုဂရမ် အိတ်ပေါင်းလေးသန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ USDA ကလည်း တရုတ်ကော်ဖီဈေးကွက်အစီရင်ခံစာကို ပြုစုထားကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေး သံမှူးများ၏ ပေးပို့မှု အချက်အလက်များ။

**ခင်ရတနာ စုစည်းဖော်ပြသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၅-၂၀၂၂ စနေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၄၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၁၅ | ရှုလေမြင်လေ ကမ္ဘာမြေ |
| ၀၈:၁၅ | ဒီမိုကရေစီဆိုသည်မှာ | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၀ | သယံဇာတနှင့်တို့ဝန်းကျင် ထိန်းသိမ်းကြစို့ ထာဝစဉ် | ၁၈:၁၅ | သုတဝေဖြာ သီရိဂေဟာ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၉၂) |
| ၁၀:၁၀ | လူငယ်မျိုးဆက်သစ်အစီအစဉ် | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၄၅ | တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ | ၂၁:၀၀ | (၃၈) ဖြာမင်္ဂလာ (ဦးနန္ဒဝင်း ရေးသားပူဇော်တင်ဆက်သည်) 'ဖြဟ္မစရိယဥ' နှင့် 'ပုငဗ္ဗစကတပုညတာ' |
| ၁၃:၁၀ | MRTV National News | ၂၁:၄၅ | ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်း |
| ၁၅:၂၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာကြီးလှမိနှင့်ဗ' | | |
| ၁၆:၁၅ | ပုံပြင်ကမ္ဘာအစီအစဉ် | | |

**mitv**

- 07:02 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- 07:09 Weekly Review
- 07:24 Let's Taste Delicious Insects
- 07:36 Myanmar Masterclass: Artist Pann Kyi
- 07:47 Myanmar Family Life: Everyone has Own Hobbies
- 08:00 Quiz Time (Ep-15)
- 09:01 News
- 09:27 Global Partnership for Brighter Future: Mozambique Pavilion at Expo 2020 Dubai
- 09:33 Welcome to the Southern most part of Myanmar
- 09:34 Rakhine Traditional Wedding Ceremony
- 10:02 Wet Markets of Yangon: Thirimingalar Market

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကျန်းမာစေတဲ့မင်းကွတ်သီး

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်းဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ထောပတ်သီးကြက်ဥလိပ်နှင့် ထောပတ်သီးကြက်ဥပေါင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ပြည်မှ သဘာဝအလှများ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ကိုးကန့်ရိုးရာအစားအစာ

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ရိုးရာဝါးလက်မှုပညာအမွေ

**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရဲသောင်ချောင်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ အိုလံပစ်အားကစားပွဲတော်
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၃၀ မြန်မာ့ဆီအိုးထဲမှနှမ်း
- ၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- ၀၈:၀၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၀၈:၁၅ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း
- ၀၈:၄၅ အဝါရောင်ပို့စေ့ရောဂါတိုက်ဖျက်ရေးအတွက်ခြေလှမ်းများ
- ၀၈:၂၀ စိုပင်ခြံမှစပ်မျိုးနေကြာတောင်သူ့အကျိုးပါ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာအမျိုးသားလေကြောင်းမှ ပြည်ပခရီးစဉ်များတိုးချဲ့ပျံသန်းရန် ဒုတိယမြောက်လေယာဉ်ရောက်ရှိ




ရန်ကုန် မေ ၂၇

မြန်မာအမျိုးသား လေကြောင်းမှ ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းမည့် Boeing 737–800 NG (XY–ALV)လေယာဉ်တစ်စင်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

အဆိုပါ လေယာဉ်ရောက်ရှိချိန် လေယာဉ်အားမောင်းနှင်ပျံသန်းလာသည့် လေယာဉ်မှူးများ၊ အင်ဂျင်နီယာများအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် တာဝန်ရှိသူများ၊ မြန်မာအမျိုးသား လေကြောင်းလေယာဉ်မယ်များက ပန်းစည်းကမ်း၍ကြိုဆိုကြသည်။

"ဘိုးရင်းလေယာဉ်နောက်ထပ်တစ်စင်းကို ဈေးကွက်လိုအပ်ချက်အရ ဆက်လက်တိုးချဲ့ ပြေးဆွဲ စီမံထားတဲ့ ခရီးစဉ်တွေအတွက် ငှားရမ်းခဲ့ပါတယ်၊ လက်ရှိရှိနေတဲ့ ဘိုးရင်းတစ်စင်းနဲ့ မလောက်တဲ့အတွက်ကြောင့် နောက်ထပ်တစ်စင်းကိုငှားရမ်းပြီးတော့ ပြေးဆွဲဖို့ စီစဉ်ခဲ့တာပါ။ လေယာဉ်ငှားရမ်းတဲ့ ကုမ္ပဏီတွေနဲ့ တော်တော်များများနဲ့ ချိတ်ဆက်တဲ့အချိန်မှာ Dubai Aerospace Enterprise ကုမ္ပဏီလီမိတက်နဲ့ အဆက်အသွယ်ရပြီးတော့ ဒီဘိုးရင်းလေယာဉ်ပျံကို ငှားရမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်း လိုင်းမှ အမှုဆောင်အရာရှိချုပ် ဦးခုပ်ခန့်မုံကပြောသည်။

ယနေ့ ရောက်ရှိလာသည့် လေယာဉ်သည် မြန်မာအမျိုးသား လေကြောင်းမှ အာရှပစိဖိတ်အတွင်းရှိ နိုင်ငံများသို့ ပိုမိုပျံသန်းပြေးဆွဲသွားမည်ဖြစ်ကာ ခရီးသည်များအတွက် ပိုမိုကောင်းမွန်သော ခရီးသွား အတွေ့အကြုံကို ပေးဆောင်နိုင်မည် ဖြစ်သည်။

လက်ရှိ မြန်မာအမျိုးသား လေကြောင်းမှ ပြည်တွင်း ၂၈ မြို့ကို ပျံသန်းလျက်ရှိပြီး ပြည်တွင်းခရီးစဉ် အများဆုံး ပျံသန်းသည့် လေကြောင်းတစ်ခုလည်းဖြစ်သည်။ ၎င်းအပြင် ပြည်ပခရီးစဉ်များဖြစ်သော စင်ကာပူမြို့၊ ဟောင်ကောင်မြို့၊ ဘန်ကောက်မြို့၊ ကွာလာလမ်ပူမြို့၊ ကူမင်းမြို့၊ ချန်ဒူးမြို့၊ နယူးဒေလီမြို့၊ ကာလကတ္တားမြို့နှင့် မနီလာမြို့များသို့ ပျံသန်းပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပျံသန်းရန် အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။

**အာကာစိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၅ ကျပ် | ၂၂၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၅ ကျပ် | ၂၂၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၁၀ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၅ ကျပ် | ၂၂၈၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၈၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၀ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၁၅၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၅ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၄၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၅ . ၅၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၂၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၃၃ | ၂၅၀၆၀၀ |
| MTSH | ၂၆၅၀ | ၂၇၀၀ | ၆၂၅ | ၁၆၇၉၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၄၂ | ၇၃၅၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၀ | ၁၀၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏာစုရပ်ကွက်နေ ပိုင်စိုးဦး(ခ)ပိုင်ကြီးသည် ၎င်းအသုံးပြုသည့် “Paing Soe Oo” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကဘဲ့ရပ်ကွက်နေ ကျော်ဆန်းသည် ၎င်းအသုံးပြုသည့် “Kyaw San” Facebook အကောင့်နှင့် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်နေ စိုးစိုးသည် ၎င်းအသုံးပြုသည့် “Soe Soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ ဆိုင်ကယ် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထန်းတပင်-သီတာ အေးလမ်း တိုးဂိတ်အနီး၌ တရားမဝင် ကျွန်းတံခါးချပ်နှင့် ကျွန်းတံခါးချပ်အပိုင်းအစများ ၀ ဒသမ ၉၄၂၈တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၂၄၈)နှင့် အဆိုပါ သစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၂၂၄၈) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၆ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ၀ ဒသမ ၄၃၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၆၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကားတာယာများနှင့်ဆပ်ပြာမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၀၉၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောအဖွဲ့က ယင်းမာပင် မြို့နယ်အတွင်း လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သောအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် ပိတောက်ခွဲသား ၉ ဒသမ ၅၆၇၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၄၂၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၄၂၂၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၅ ရက်၊၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာအမှုတွဲ ခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၅၀၆၈)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အကြိုခြေစမ်းပွဲတွင် မြန်မာအသင်း ဘာရိန်းကို ရှုံးနိမ့်

**ရန်ကုန် မေ ၂၇**

၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် ထိုင်းနိုင်ငံ၌ လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၇ ရက် ညနေပိုင်းက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အသိအမှတ်ပြု ခြေစမ်းပွဲအဖြစ် ဘာရိန်းလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် မေ ၂၂ ရက်ကတည်းက ထိုင်းနိုင်ငံ၌ လေ့ကျင့်နေပြီး မေ ၂၄ ရက်တွင် ဟောင်ကောင်လက်ရွေးစင်နှင့် ခြေစမ်းပြီးနောက် ဘာရိန်းလက်ရွေးစင်နှင့် ထပ်မံခြေစမ်းခဲ့ခြင်းဖြစ်သည်။ မြန်မာနှင့် ဘာရိန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် ခြေစမ်းပြီးနောက်ပိုင်း ယခုမှ ပြန်လည်ခြေစမ်းခြင်းဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ယခင်ခြေစမ်းပွဲထက် ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ရည်ပြသနိုင်ခဲ့သော်လည်း ပွဲပြီးခါနီးပေးလိုက်ရသည့် နှစ်ဂိုးကြောင့် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ဟောင်ကောင်အသင်းနှင့်ကစားခဲ့သည့် လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ပြည့်ဖြိုးသူ (ဂိုး)၊ ဇော်ရဲထွန်း၊ ဝင်းမိုးကျော်၊ စိုးမိုးကျော်၊ ကျော်ဇင်လွင်၊ ရဲမင်းသူ၊ ရန်နိုင်ဦး၊ ဆွမ်လမန်၊ မောင်မောင်လွင်၊ ဇော်ဝင်းသိန်း၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ ၈၉ မိနစ်တွင် မြန်မာအသင်း ပယ်နယ်တီပေးခဲ့ရပြီး မာဒီက ဘာရိန်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ နှစ်မိနစ်အကြာတွင် ဘာရိန်းအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ဟီမိုင်ဒန်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရမည့် ကာဂျစ္စတန်နိုင်ငံသို့ ဇွန် ၃ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။ **ရဲရင့်လွင်**

## ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက် ညနေ ၅ နာရီခွဲတွင် ဘားအံမြို့နယ် ရန်ကုန်-မြဝတီသွားကားလမ်း၊ တရုတ်လှ ကျေးရွာအနီးတွင် သထုံမှ မြဝတီဘက်သို့ ကျော်ဇေယျာ မောင်းနှင်ပြီး ဆန်းဝင်းကျော် လိုက်ပါလာသည့် Alphard မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၅ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂၀၅ ကီလိုနှင့် ကတ်တမင်း ၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မေ ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ ဟိုတယ်တွင် မူးယစ်ဆေးဝါးများ တာဝန်ခံသယ်ဆောင်သူ ထွန်းလင်းအောင်ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြု လက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြု လက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရသက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ် တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြု လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂ ၊ ၀၁-၅၄၄၅၈၃၊ iprd. crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေး ကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ စာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံ ပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာ သုံးရွာကို ခေတ်မီစံပြကျေးရွာများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်

နေပြည်တော် မေ ၂၇

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၅ ရက်က ကရင်ပြည်နယ်အတွင်း ခေတ်မီစံပြကျေးရွာ(SMART Village)များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရုံးသို့ ရောက်ရှိပြီး ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများအား လေးစားလိုက်နာကာ လုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်စေရေး ဝန်ထမ်းအားလုံးက ပူးပေါင်းပါဝင်၍ တက်ကြွစွာ ဆောင်ရွက်ကြရန်နှင့် ဦးစီးဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာရှိ သမ္ဘာန်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းသို့ ရောက်ရှိကာ Contract Farming စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ရောက်ရှိပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းသားများ ရက်ကန်းလုပ်ငန်းနှင့် သဘာဝဆိုးဆေးနည်းပညာ လက်တွေ့လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဘားအံမြို့နယ် အိမ်ခြေ ၁၈၆၃ အိမ်၊ လူဦးရေ ၁၀၃၃၀ ရှိ ထုံးအိုင်ကျေးရွာအား ခေတ်မီစံပြကျေးရွာ (SMART Village) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုတင်ပြရာ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ခေတ်မီစံပြကျေးရွာ (SMART Village) များ ထူထောင်ပေးနေပါကြောင်း၊ ယခုအခါ ကရင်ပြည်နယ်အတွင်း အခြေခံမူ ၁၅ ချက်နှင့် ကိုက်ညီသောကျေးရွာ သုံးရွာကိုရွေးချယ်ပြီး ဦးစီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခေတ်မီစံပြကျေးရွာ (SMART Village)များကို ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေခြင်း၊ သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေးမြင့်မားလာစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော နေချင့်စဖွယ်စံပြကျေးရွာများ ဖြစ်ပေါ်လာစေခြင်းနှင့် ကျေးရွာသူ/ သားများနှင့် ကျေးရွာအသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြင့်မားလာပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရရှိစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါကြောင်း၊ ဒေသခံများကလည်း မိမိတို့ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**



ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခံရသည့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းရုံး အဆောက်အအုံ။

## မြိတ်မြို့၌ ကိုလိုနီခေတ် ရုံးအဆောက်အအုံ လေးခုအား ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်

**မြိတ် မေ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့သည့် ကိုလိုနီခေတ် ရုံးအဆောက်အအုံ လေးခုအား မေ ၂၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြိတ်မြို့ရှိ ကိုလိုနီခေတ်ရုံး အဆောက်အအုံလေးခုမှာ ၁၉၁၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းရုံး၊ ၁၈၆၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည့် One Stop Service ရုံး (မောရစ်ကောလစ်နေအိမ်)၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် သစ်တောဦးစီးဌာနရုံးတို့ဖြစ်ကြသည်။ အဆိုပါရုံးအဆောက်အအုံ လေးခုကို ၂၀၂၂ ခုနှစ် ဧပြီလက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရှေးဟောင်းအဆောက်အဦကာကွယ်ထိန်းသိမ်းရေးဥပဒေဖြင့် ရှေးဟောင်းအဆောက်အအုံများအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုံးအဆောက်အအုံလေးခုရှိ တာဝန်ရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးများက ရုံးအဆောက်အအုံကို ရှေးမူမပျက် ဆက်လက်ထိန်းသိမ်းကြရန်နှင့် ပြုပြင်ဆောင်ရွက်သည့်အခါ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက် )**

## သဃ်န်းကျွန်းမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုး

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၂ ခုနှစ် မိုးရာသီ (အကြို) သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၅ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရွာသာကြီး (အရှေ့ကွင်း) သစ်တောဝင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို မြို့ပြပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတုပြောင်းလဲမှု ဒဏ်ခံနိုင်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ဖြစ်ထွန်းရေး အထောက်အကူပြုစေရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင် ဦးစီးသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ကျွန်း၊ ကံ့ကော်၊ ခရေ၊ မယ်ဇယ်၊ ပျဉ်းကတိုး၊ တမလန်း၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ပျဉ်းမ အစရှိသော ပျိုးပင်စုစုပေါင်း ၅၀၀ ကို စိုက်ပျိုးခဲ့သည်။ **သတင်းစဉ်**



သဃ်န်းကျွန်းမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးကြစဉ်။

ရတနာသစ်တော၊ ပြည့်သွေးကြော။
သစ်တောရတနာ၊ ထိန်းသိမ်းပါ။

မေ ၂၉ ရက် (မြန်မာစံတော်ချိန် နံနက် ၁ နာရီ ခွဲ) မှာ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် လီဗာပူး အသင်းနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်ကို ပြင်သစ်နိုင်ငံ ပဲရစ်ရှိ Stade de France ကွင်းမှာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက နိုင်ပွဲရရှိပြီး ဖလားဆွတ်ခူးသွားနိုင်မလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ပြိုင်ဆိုင်မှုပြင်းထန်လာဦးမယ့် လီဗာပူးနဲ့ရီးရဲမက်ဒရစ်အသင်းတို့ရဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲ

**လီဗာပူး VS ရီးရဲမက်ဒရစ်**

**တနင်္ဂနွေနေ့ | နံနက် ၁း၃၀ | စတိတ်ဒီဖန့်စ်**

ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အအောင်မြင်ဆုံးအသင်းနှစ်သင်းဖြစ်တဲ့ လီဗာပူး အသင်းနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ဟာ ငါးနှစ်အတွင်း ချန်ပီယံလိဂ် ပြိုင်ပွဲဗိုလ်လုပွဲမှာ ဒုတိယအကြိမ်အဖြစ် တနင်္ဂနွေနေ့ နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာပါ။ ဒီနှစ်သင်း နောက်ဆုံးဆုံတွေ့ခဲ့တဲ့ ၂၀၁၈ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲမှာ ရီးရဲမက်ဒရစ်အသင်းက ဘေးလ်ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့အတူ သုံးဂိုး-တစ်ဂိုးနဲ့ လီဗာပူးအသင်းကို အနိုင်ရရှိပြီး ဖလားဆွတ်ခူးနိုင်ခဲ့တယ်။

ဒါ့အပြင် ရီးရဲမက်ဒရစ်အသင်းအနေနဲ့ အဲဒီဗိုလ်လုပွဲအပြီး လီဗာပူး အသင်းနဲ့ တွေ့ဆုံခဲ့တဲ့ နှစ်ကြိမ်မှာလည်း အသာရထားပြီး တစ်ကြိမ် သရေကျကာ တစ်ကြိမ်အနိုင်ရရှိထားတယ်။ ပြောမယ်ဆိုရင် လီဗာပူး အသင်းဟာ ရီးရဲမက်ဒရစ်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ နောက်ဆုံးငါးကြိမ် ကိုကြည့်ရင် အသာရထားခြင်းမရှိဘူး။ တစ်ပွဲသာ သရေကျထားပြီး လေးပွဲအထိ ရှုံးနိမ့်ထားတယ်။ အဲဒီတော့ ဒီတစ်ကြိမ်မှာတွေ့ဆုံမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲမှာ နည်းပြကလော့ပ် ဘယ်လို နည်း ဗျူဟာသုံးပြီး အန်ဆယ်လော့တီရဲ့ ရီးရဲမက်ဒရစ်အသင်းကို ရင်ဆိုင် လာမလဲ စိတ်ဝင်စားဖွယ်ရာကောင်းတယ်။

### လီဗာပူးရဲ့ခြေစွမ်း အားရစရာကောင်း

လီဗာပူးအသင်းရဲ့ ဒီရာသီစွမ်းဆောင်ရည်ကိုကြည့်ရင် တိုက်စစ်မှာ ဆာလာ၊ မာနေး၊ ဂျိုတာတို့ ခြေစွမ်းပြသထားနိုင်ပြီး ယခုဗိုလ်လုပွဲ မတိုင်မီ ကာရာဘောင်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ဆွတ်ခူးထားတာ ကြောင့် အားရစရာကောင်းတယ်။ လီဗာပူးအသင်းအနေနဲ့ ပရီမီယာလိဂ် မှာ ဖလားဆွတ်ခူးနိုင်ခြင်းမရှိတာကြောင့် ဖလားလေးလုံးမျှော်လင့် ချက် ပျက်ပြယ်ခဲ့ရတယ်ဆိုပေမယ့် ဖလားသုံးလုံးဆွတ်ခူးနိုင်ဖို့ မျှော်လင့် ချက် ရှိနေပါသေးတယ်။

ရီးရဲမက်ဒရစ်အသင်းက ယခု ပွဲစဉ်မတိုင်မီ စူပါဖလားဗိုလ်လုပွဲမှာ ဘီလ်ဘာအိုကို အနိုင်ရရှိပြီး ဖလားဆွတ်ခူးထားတယ်။ ပြောမယ်ဆိုရင် လီဗာပူးအသင်းရော ရီးရဲမက်ဒရစ် အသင်းပါ ဒီရာသီမှာ ခံစစ်ပိုင်း ကျစ်လျစ်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းတွေဖြစ်တာကြောင့် ယခုအကြိမ်တွေ့ဆုံမှုမှာ ယခင်တွေ့ဆုံမှုတွေကထက် ပြိုင်ဆိုင်မှု ပိုပြင်းထန်လာဖွယ်ရှိတယ်။

လီဗာပူးတိုက်စစ်မှူး ဆာလာက ပရီမီယာလိဂ်မှာ သွင်းဂိုး ၂၃ ဂိုး နဲ့ ဦးဆောင်ထားနိုင်ခဲ့သလို ရီးရဲမက်ဒရစ် တိုက်စစ်မှူး ဘင်ဇီမာ ကလည်း လာလီဂါမှာ သွင်းဂိုး ၂၇ ဂိုးနဲ့ ဦးဆောင်ထားတယ်။


ယခုပွဲစဉ်မှာ ဒဏ်ရာကြောင့် ရီးရဲမက်ဒရစ်အသင်းမှာ ဟာဇက် လွဲချော်ဖို့ရှိပြီး လီဗာပူးအသင်းမှာ အယ်ကန်တာရာယာနဲ့ ဖာဘင်ဟိုတို့ လွဲချော်ဖွယ်ရှိနေတယ်။ ဒါ့အပြင် လီဗာပူး တိုက်စစ်ကစားသမား အိုရီဂီကတော့ ဒဏ်ရာကြောင့် ယခုပွဲစဉ်ကို သေချာပေါက် လွဲချော်ဖွယ် ရှိနေတယ်။

ဒါကြောင့် ယခုအကြိမ်တွေ့ဆုံမှုမှာ အသင်းသမိုင်းတစ်လျှောက် လီဗာပူးအသင်းက ချန်ပီယံလိဂ်ဖလားကို ခုနစ်ကြိမ်မြောက် ဆွတ်ခူး သွားနိုင်မလား၊ ရီးရဲမက်ဒရစ်အသင်းက ၁၄ ကြိမ်မြောက် ဆွတ်ခူးသွား နိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**လီဗာပူးနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ နောက်ဆုံးငါးကြိမ်တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| လီဗာပူး | ၀-၀ | ရီးရဲမက်ဒရစ် | ၂၀၂၁ (ကွာတားဖိုင်နယ်) |
| **ရီးရဲမက်ဒရစ်** | ၃-၁ | လီဗာပူး | ၂၀၂၁ (ကွာတားဖိုင်နယ်) |
| **ရီးရဲမက်ဒရစ်** | ၃-၁ | လီဗာပူး | ၂၀၁၈ (ဗိုလ်လုပွဲ) |
| **ရီးရဲမက်ဒရစ်** | ၁-၀ | လီဗာပူး | ၂၀၁၄ (အုပ်စုအဆင့်) |
| လီဗာပူး | ၀-၃ | **ရီးရဲမက်ဒရစ်** | ၂၀၁၄ (အုပ်စုအဆင့်) |


**လီဗာပူးအသင်းအတွက် ဂိုးအများဆုံးသွင်းထားသူများ**



| အမည် | | သွင်းဂိုး |
|---|---|---|
| ဆာလာ | - | ၂၃ |
| မာနေး | - | ၁၆ |
| ဂျိုတာ | - | ၁၅ |
| ဖာမီနို | - | ၅ |

**ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | | သွင်းဂိုး |
|---|---|---|
| ဘင်ဇီမာ | - | ၂၇ |
| ဗင်နီစီးယပ်စ် | - | ၁၇ |
| အေဆန်စီယို | - | ၁၀ |
| ရိုဒရီဂို | - | ၄ |



## ဆီဗီလာမှ ကားလို့စ်ကိုခေါ်ယူရန် ဗီလာ သဘောတူညီမှုရရှိ

အက်စ်တွန်ဗီလာအသင်းသည် ဆီဗီလာအသင်းမှ ဘရာဇီးဗဟိုခံစစ် ကစားသမား ဒီယေဂို ကားလို့စ်ကို ပေါင် ၂၆ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အသက် ၂၉ နှစ် အရွယ်ရှိ အဆိုပါ ကစားသမားသည် မာဆေးလ်အသင်းမှ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသော ကာမာရာပြီးနောက် ဗီလာ အသင်း၏ ဒုတိယမြောက် ခေါ်ယူမှုဖြစ်လာမည် ဖြစ်သည်။ ဒူးဒဏ်ရာ ကြောင့် လာမည့်ရာသီအစပွဲစဉ်များကို အသင်းမှ ဗဟိုခံစစ်ကစားသမား ကွန်ဆာ လွဲချော်ဖွယ်ရှိကြောင်း အတည်ပြုပြီးနောက် ဗီလာနည်းပြ ဂျရတ်သည် ကားလို့စ်ကို ခေါ်ယူရန်ကြိုးပမ်းလာခြင်း ဖြစ်သည်။

## ဆွီယာတက်ခ် နိုင်ပွဲရပြီး တတိယအဆင့် တက်လှမ်း

အီဂါဆွီယာတက်ခ်သည် ပြင်သစ်အိုးပင်းတင်းနစ်ဖလားပြိုင်ပွဲတွင် အမေရိကန်တင်းနစ်မယ် အဲလစ်ဆင် ရစ်ကီကို ၆-၀၊ ၆-၂ ဖြင့် အနိုင်ရရှိ ပြီးနောက် တတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။ ဆွီ ယာတက်ခ်သည် အဆိုပါ တင်းနစ်မယ်ကို အနိုင်ရရှိရန် ၆၁ မိနစ် အချိန် ယူခဲ့ရကြောင်း သိရသည်။ ထို့ပြင် ၎င်းသည် ပြီးခဲ့သည့် အင်္ဂါနေ့က ယူကရိန်း တင်းနစ်မယ် ဆာရန်ကို ကို အနိုင်ရရှိရန် ၅၄ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း သိရသည်။ သို့သော်လည်း ချန်ပီယံဟောင်း ဟာလက်နှင့် နိုင်ခြေအဆင့် (၈) ရှိ ပီလစ်ကိုဗာတို့ ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

■ လိဒ်စ်အသင်းသည် ဆောလ်ဘတ်အသင်းမှ ခံစစ်ကစားသမား အာရွန်ဆန်ကို ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ အာရွန်ဆန်သည် လိဒ်စ်အသင်းနှင့် ငါးနှစ်စာချုပ်ဖွယ်ရှိ သည်။

■ ချယ်ဆီးအသင်းသည် လိုက်ပ်ဇစ်အသင်းမှ ပြင်သစ်တိုက်စစ် ကစားသမား အင်ခွန်ကူ (၂၄နှစ်) ကို ခေါ်ယူရန် ပစ်မှတ်ထားနေ သည်။

■ စပါးအသင်းသည် အင်တာမီလန်အသင်းမှ ဗဟိုခံစစ်ကစားသမား ဘတ်စ်တိုနီကို ခေါ်ယူရန် စောင့်ကြည့်နေသည်။

■ ရီးရဲမက်ဒရစ်အသင်းသည် အေစီမီလန်အသင်းမှ ပေါ်တူဂီ တိုက်စစ်ကစားသမား ရာဖေးလီယိုကို ပေါင် ၁၀၂ သန်းဖြင့် ကမ်းလှမ်းဖွယ်ရှိသည်။

■ ပီအက်စ်ဂျီအသင်းသည် နွေရာသီတွင် သင့်လျော်သော ကမ်းလှမ်း မှုလက်ခံရရှိမည်ဆိုပါက အသက် ၃၀ နှစ်အရွယ် နေမာကို ရောင်းထုတ်သွားဖွယ် ရှိသည်။

■ အဲဗာတန်နှင့် ပဲလေ့စ်အသင်းတို့သည် စလာနီတာနာအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အီဒါဆင် ဆေးလ်ဗား (၂၂နှစ်) ကို ခေါ်ယူရန် စောင့်ကြည့်နေသည်။

# တန်းတက်ခွင့် လက်ကျန်တစ်နေရာအတွက် အားပြိုင်ကြမယ့် ဟက်ဒါဖီးလ်နဲ့နော်တင်ဟမ်

**ဟက်ဒါဖီးလ် VS နော်တင်ဟမ်**

**တနင်္ဂနွေနေ့ | ည ၁၀း၀၀ | ဝင်ဘလေ**



၂၀၂၁-၂၀၂၂ ချန်ပီယံရှစ်ပလေးအော့ဖ်ရှုံးထွက်ဗိုလ်လုပွဲကို မေ ၂၉ ရက် (တနင်္ဂနွေနေ့) ည ၁၀ နာရီမှာ ဝင်ဘလေအားကစားကွင်းမှာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားတော့မှာပါ။ အဆိုပါ နှစ်သင်း ထဲမှ အနိုင်ရရှိမယ့်အသင်းအနေနဲ့ ပရီမီယာလိဂ်ကို ဖူလ်ဟမ်၊ ဘုန်းမောက်အသင်းတို့နဲ့အတူ တန်းတက်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဖူလ်ဟမ်နဲ့ ဘုန်းမောက်အသင်းတို့က ပရီမီယာလိဂ်ကို တိုက်ရိုက် တန်းတက်ခွင့်ရရှိပြီး ဟက်ဒါဖီးလ်နဲ့ နော်တင်ဟမ်တို့က ပလေး အော့ဖ်မှတစ်ဆင့် တန်းတက်ခွင့်လက်ကျန်တစ်နေရာကို ရရှိမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဟက်ဒါဖီးလ်အသင်းအနေနဲ့ သုံးနှစ်အကြာမှာ ပရီမီယာလိဂ်ကို တစ်ကျော့ပြန် တန်းတက်ခွင့်ရရှိသွားမလား၊ နော်တင်ဟမ်အသင်းက ၁၉၉၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိသွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာပါ။

### ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိ

ဟက်ဒါဖီးလ်အသင်းက ပလေးအော့ဖ် (ဆီမီးဖိုင်နယ်) မှာ လူတန် အသင်းနှင့်တွေ့ဆုံခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲကို တက်လှမ်းလာပြီး ပြိုင်ဘက် နော်တင်ဟမ်အသင်းက ပလေးအော့ဖ် (ဆီမီးဖိုင်နယ်) မှာ ရှက်ဖီးလ် အသင်းနဲ့ဆုံတွေ့ခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်မှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်တာ ဖြစ်တယ်။ မည်သို့ ပင်ဆိုစေ ယခုပွဲစဉ်မှာ အနိုင်ရရှိမယ့်အသင်းက ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိမှာဖြစ်လို့ ယခင်ပွဲစဉ်တွေကထက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာပါတယ်။

### နော်တင်ဟမ်အသင်း အသာရထား

ဒီရာသီ ချန်ပီယံရှစ်မှာ ကစားခဲ့တဲ့ ဒီနှစ်သင်းရဲ့ ခြေစွမ်းက သိသိသာသာ ကွာခြားခြင်း မရှိဘူး။ ဒါပေမယ့် ဒီနှစ်သင်း နောက် ဆုံး သုံးကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာတော့ နော်တင်ဟမ်အသင်းက အသာရထားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားတယ်။

ဒါကြောင့် ပရီမီယာလိဂ် လက်ကျန်တန်းတက်ခွင့်တစ်နေရာ ကို တက်လှမ်းခွင့်ရရှိမယ့်အသင်းက ဟက်ဒါဖီးလ်လား နော်တင် ဟမ်လားဆိုတာ တနင်္ဂနွေနေ့ညမှာ အဆုံးအဖြတ်ပေးသွားတော့ မှာ ဖြစ်ပါတယ်။

**ဟက်ဒါဖီးလ်၏ ရှုံးထွက် (ဆီမီးဖိုင်နယ်) ရလဒ်**

| | | |
|---|---|---|
| လူတန် | ၁-၁ | ဟက်ဒါဖီးလ် |
| **ဟက်ဒါဖီးလ်** | ၁-၀ | လူတန် |

■ နှစ်ကျော့ပေါင်းရလဒ်ဖြင့် ဟက်ဒါဖီးလ် ဗိုလ်လုပွဲတက်

**နော်တင်ဟမ်၏ ရှုံးထွက် (ဆီမီးဖိုင်နယ်) ရလဒ်**

| | | |
|---|---|---|
| ရှက်ဖီးလ် | ၁-၂ | **နော်တင်ဟမ်ဖောရက်စ်** |
| နော်တင်ဟမ်ဖောရက်စ် | ၁-၂ | **ရှက်ဖီးလ်** |

■ ပယ်နယ်တီအဆုံးဖြတ်ဖြင့် နော်တင်ဟမ်ဗိုလ်လုပွဲတက်

■ မိုးဇက် - စုစည်းသည်

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထကခွဲ(အလက-၃)မှ အဋ္ဌမတန်းအောင်မြင်ခဲ့သည့် မသရဖီဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းအောင် ၉/ကပတ(နိုင်)၂၉၃၃၀၀ ဖြစ်ပါသည်။

**ဦးဇော်မင်းအောင်**

## အမည်ပြောင်း

မိတ္ထီလာမြို့၊ အမက (၁၅)၊ လင်းဇင်းမှ Grade-4 အောင်မြင်ခဲ့သော ဦးကျော်ဝင်းနိုင် ၉/မထလ(နိုင်)၀၁၄၀၈၁၏ သမီးဖြစ်သူ မရှင်ပါရမီကျော်အား ယနေ့မှစ၍ မလဝန်းပိုပိုကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလဝန်းပိုပိုကျော်**

## အမည်မှန်

ဦးဝေဖြိုးအောင်၏ သား စစ်ကိုင်းမြို့၊ အမှတ်(၂) အထက (Grade-7)မှ မောင်စွမ်းတေဇာ အောင်အား မောင်စွမ်းတေဇဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2D/7738, TOYOTA WISH ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းခမ်းပူး ၁၃/ကတန(နိုင်)၀၀၁၉၉၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/3888, MERCEDES BENZ ML 500, STATION WAGON (4x4) (R) ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းအောင် ၉/ပဥလ(နိုင်)၀၀၃၀၉၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/1542 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**

**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဖလမ်းမြို့အထွေထွေရောဂါကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဖလမ်းမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသခြင်းခံယူသော လူနာများ အခမဲ့ကုသပေးရန် လိုအပ်သောဆေးဝါးများ၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တင်သွင်းလိုသူများ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
- တင်ဒါတင်သွင်းမည့်ရက် - ၂၀-၅-၂၀၂၂ရက်မှ ၂၀-၆-၂၀၂၂ရက်ထိ
- တင်ဒါစစ်ဆေးမည့်ရက်/အချိန် - ၂၄-၆-၂၀၂၂ရက် (နံနက် ၁၀:၀၀ နာရီ)
- တင်ဒါစစ်ဆေးမည့်နေရာ - ဆေးရုံအုပ်ကြီးရုံး၊ ဖလမ်းမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်စုံစမ်းနိုင်ပါသည်-

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ဖလမ်းမြို့-ချင်းပြည်နယ်၊ ဖုန်း-၀၇၀-၄၀၀၃၁**

**မွေးသက္ကရာဇ် အမှန်**

ဦးမဟာနေမင်းရောင်၏သမီး မုံရွာမြို့၊ အထက(၇) Grade- 8 မှ မပန်းစနလမျက်ဝန်း၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၇-၂၀၀၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ် (၁၄)၊ အောင်ဆန်းတိုးချဲ့(၃)၊ဦးပိုင်အမှတ်(၁၂၆)၊ မြေ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်သည် မူလတွင် ဦးမြတ်ဦးအမည်ဖြင့် နှစ်(၁၀)မြေငှားဂရန်ရရှိထားရာမှ အဆိုပါမြေကွက်ကို ဦးမြတ်ဦးသည် ၂-၁၂-၂၀၁၂ ရက်တွင် ဦးလှစိုးအား အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းရောင်းချခဲ့ပြီး ဦးလှစိုးမှ ထပ်မံ၍ ၂၄-၁၁-၂၀၂၁ ရက်တွင် စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၀၆၁/၂၀၂၁)ဖြင့် စာချုပ်ချုပ်ဆို၍ ဦးကျော်မင်းဦး၊ ဒေါ်ယုယုလွင်၊ မောင်ရဲထက်အောင်တို့(၃)ဦးအား လွှဲပြောင်းရောင်းချပြီးဖြစ်သောကြောင့် မြေကွက်ဝယ်ယူသူများ အမည်ဖြင့် မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ မြေယာအမှတ်-213/268၊ အကွက် အမှတ် -RA-III၊ ကွက်ပြင် (၃)၊ ဦးပိုင်အမှတ်-၁၃၈၊ မြေဧရိယာ ၁ဒသမ၆၀ဧကထဲမှ စိတ်ပိုင်း၍ အကွက်အမှတ် (A) အဖြစ် သတ်မှတ်ထားသည့် အရှေ့လားသော်-ဒေါ်ကေဇင်ဝင်း၏ခြံမြေ/အကွက်အမှတ် (B)၊ အနောက်လားသော်-ဦးပိုင်-၁၃၉(ဃ)၊ မြောက်လားသော်-သိဂီ လမ်း၊ တောင်လားသော်-အကွက်အမှတ် (C) အလား (၄)ရပ်ကွက်အတွင်းရှိ ဧရိယာ ၀ဒသမ၀၉ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်မိုးမြင့် ၈/ဆမန(နိုင်) ၀၂၅၂၁၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာဝင်းငွေး ၉/ရမသ(နိုင်)၀၁၁၅၄၁က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင်အောင် လာရောက်ကန့်ကွက်မှုမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ-** |
| **ဒေါ်နီလာဝင်းငွေး** | **ဒေါ်ညီပုလုံး(LL.B)** |
| **၉/ရမသ(နိုင်)၀၁၁၅၄၁** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၀)** |
| **၅၃-၅၄လမ်းကြား၊ ၃၉လမ်း၊** | **အမှတ်-၁၃၈၊ နှင်းဆီလမ်း၊ ကွက်ပြင် (၃)၊** |
| **ရဲမွန်တောင်ရပ်ကွက်၊** | **ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့၊** |
| **မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊** | **ဖုန်း-၀၉-၇၆၀၈၆၈၈၃၀** |
| **ဖုန်း-၀၉-၂၀၁၆၃၄၄** | |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊လူနေရပ်ကွက်အမှတ်(-)၊နှင်းဆီလမ်း၊မြေကွက်အမှတ်(၁၈၃)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးမြသိန်း(A/OKA-၀၂၄၅၈၄)အမည်ပေါက်မြေချပါမစ်မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးစိုးတင့်(၁၂/ဒဂတ(နိုင်)၀၂၂၃၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| **ဦးဇော်မျိုးနိုင်** | **ဦးတင်ကိုလှိုင်** |
| LL.B, D.B.L | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

ဖုန်း – ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၂၅၀၉၇၁၇၂၉

## ဦးထွန်းထွန်းခိုင်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၄/၂)၊ ဦးပိုင်အမှတ် (၃-ခ)နေ ဒေါ်ငုဝါခိုင်(ဘ)ဦးမောင်မောင်သန်း ၉/ ပကခ(နိုင်)၀၆၁၀၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ဒေါ်ငုဝါခိုင်နှင့် ဦးထွန်းထွန်းခိုင်တို့မှာ (၆-၄-၂၀၀၆)ရက်မှ ယနေ့အချိန်အထိ တရားဝင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ရာ သားသမီးများ ဖြစ်ကြသော သမီး မမြတ်ဆုခိုင်နှင့် သား မောင်ဖြိုးမင်းမောင်တို့နှစ်ဦး ထွန်းကားခဲ့ပြီး လင်မယားနှစ်ဦးပိုင်ဖြစ်သော (6R-8668)TOYOTA LANDCRUISER ကား(၁)စီး၊ (1L-4014)HONDA FIT ကား(၁)စီး၊ ၅၈-လမ်း၊ ရတနာပုံ(စ)ဈေး တိုက်အမှတ်(A)၊ အခန်းအမှတ်(၄)ရှိ သုံးထပ်လူနေတိုက်ခန်း၊ စံချိန်သစ်အားကစားပစ္စည်းအမျိုးမျိုး အရောင်းဆိုင်၊မြစ်သားမြို့နယ် ညောင်ဝန်းမြောက်ရွာရှိ သရက်ခြံတို့ပိုင်ဆိုင်ခဲ့ကြကြောင်း ကျွန်ုပ်၏အမှုသည်ပြောပြချက်အရ သိရှိရပါသည်။ အထက်ပါပစ္စည်းရပ်များနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ အမှုသည် ဒေါ်ငုဝါခိုင်သည် ဦးထွန်းထွန်းခိုင်နှင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ခြင်း၊ တရားဝင်ပစ္စည်းခွဲဝေပေးခြင်းများ မပြုလုပ်ရသေးပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့ကို ကျွန်ုပ်၏အမှုသည် ဒေါ်ငုဝါခိုင်၏ သဘောတူညီခွင့်ပြုချက် လုံးဝမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် ပစ္စည်းလွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းစသည်တို့ မပြုလုပ်ရန် ဦးထွန်းထွန်းခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ သို့ပါ၍ ဒေါ်ငုဝါခိုင်၏ သဘောတူညီ ခွင့်ပြုချက်မရှိဘဲ တစ်စုံတစ်ဦးကမှု အထက်ပါ ပစ္စည်းများနှင့်စပ်လျဉ်း၍ တစ်နည်းနည်းဖြင့် လက်ခံခြင်းပြုလုပ်ပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို တာဝန်မယူနိုင်ကြောင်း ဦးထွန်းထွန်းခိုင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ငုဝါခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၈၇)**
**ဖုန်း-၀၉-၄၃၀၁၃၅၂၁**

# မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်းနှင့် အများပြည်သူသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၃)လမ်း၊ အမှတ်-၁၆၇တွင် ဖွင့်လှစ်ထားသော RDC Company Limited ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီဖြစ်သော RDC Company Limited သည် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော DABO အမှတ် တံဆိပ်ပါ အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံသားတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၄/၈၇၃/၂၀၁၂ဖြင့် မှတ်ပုံတင်၍ FDA ထောက်ခံချက်များရယူကာ မြန်မာနိုင်ငံအနှံ့အပြားသို့ တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိရာ အများပြည်သူအထူးကြိုက်နှစ်သက်၍ အားပေးခြင်းခံရသဖြင့် ရောင်းအားကောင်းလျက်ရှိသော အလှကုန်ပစ္စည်းများဖြစ်ပြီး RDC Company Limited မှာလည်း ကောင်းသောဂုဏ်သတင်းဖြင့် ရပ်တည်လျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။

ယခုအခါ DABO အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများကို ကုမ္ပဏီ၏ခွင့်ပြုချက် တစ်စုံတစ်ရာရယူခြင်းမရှိဘဲ DABO ကုန်အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများအား မြန်မာနိုင်ငံအတွင်း တရားမဝင်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ လူမှုကွန်ရက်စာမျက်နှာ (Facebook)မှတစ်ဆင့် တရားမဝင်ကြော်ငြာ၍ ရောင်းချခြင်း (Onlineshop) များ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းရောင်းချသော ပစ္စည်းများသည် (၁)အရည်အသွေးအာမခံချက်မရှိခြင်း၊ (၂)အတုအပပစ္စည်းများဖြစ်နိုင်ခြင်း၊ (၃) တရားမဝင်နည်းလမ်းများဖြင့် တင်သွင်းလာသောပစ္စည်းများဖြစ်သည့်အတွက် လမ်းခရီးတွင် ထိခိုက်ပျက်စီးနိုင်ခြင်း၊ အရည်အသွေး (Quality) များလျော့ကျခြင်းတို့ဖြစ်နိုင်ပြီး အသားအရေ ထိခိုက်ပျက်စီးမှုများ ဖြစ်နိုင်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် RDC Company Limited၏ Logo တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော DABO အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများအား ဈေးကွက်အတွင်း တရားမဝင်တင်သွင်းဖြန့်ဖြူးရောင်းချနေမှုများကို DABO အလှကုန်အားပေးဝယ်ယူသူ မိဘပြည်သူများအနေဖြင့် အထူးဂရုပြုဝယ်ယူ သုံးစွဲနိုင်ပါရန်နှင့် DABO အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများအား ကုမ္ပဏီ၏ခွင့်ပြုချက်မရရှိဘဲ တရားမဝင်တင်သွင်းဖြန့်ဖြူးခြင်း၊ ကြော်ငြာခြင်း၊ ရောင်းချခြင်းများကို ချက်ချင်း(ချက်ချင်း)ရပ်တန့်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

ထိုသို့တားမြစ်ထားပါလျက် တရားမဝင်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ ကြော်ငြာခြင်းများအား ဆက်လက်ဆောင်ရွက်မှုများပြုလုပ်နေပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**RDC Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန်းသန်းမြတ်(LL.B)** | **ဒေါ်ကြည်သာနှင်းဖြူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၆/၁၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၈၇/၁၉)** |

**ရုံး-အခန်းအမှတ်-၃၈၊ ပထမထပ်၊ Strand Condo၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၅၃၆၀၁၄၂၊ ၀၉-၂၅၄၁၁၁၃၇၈**

## အမည်ပြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးမျိုးလှိုင်နှင့် ဒေါ်ပန်းအိဖြူ တို့၏သမီး မစုဟန်ကျော်၏ အမည်မှန်မှာ မဆုမြတ်ကြယ်စင် ဖြစ်ပါကြောင်း။ **မဆုမြတ်ကြယ်စင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ရန်ကုန်မြို့ ICEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 ၌ ပညာသင်ကြားနေသော မောင်မိုးထက်သျှန်၏ ဖခင်ဖြစ်သူ ဦးထက်ခိုင်ဝင်းနှင့် ဦးထက်နိုင်ဝင်း ၁/ရကန(နိုင်)၀၃၃၉၂၃ သည် တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၂၂)၊ သစ်ညိုကုန်းအကွက်၊ ဦးပိုင်အမှတ် (၂၀)၊ ဧရိယာ ၀ဒသမ၁၈၅ ဧကရှိမြေကို ဦးထွန်းအောင်ကျော်ပါ (၄)ဦးအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အမည်မှန်

ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်တွင် နေထိုင်သော ဦးသိန်းထိုက်စံနှင့် မခင်မျိုးသင်း ၉/တသန(နိုင်)၁၂၂၅၈၃ တို့၏သား မောင်ဝေယံမင်းစံ၏ အမည်မှန်မှာ မောင်ဥက္ကာမင်းစံဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စု၊ အထက(ခွဲ)မော်ဇာကျောင်း Grade- 11 တက်ရောက်မည့် မမေမြတ်နိုး၏ ဖခင် ၇/ပမန(နိုင်)၁၈၀၁၈၀ ကိုင်ဆောင်သူ ဦးအငယ်လေးနှင့် ဦးလင်းထင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးမောင်မောင်(ဘ)ဦးသိန်းအောင် ၅/ကသန(နိုင်) ၀၀၁၆၆၀ သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(မ-၂)၊ ပဒေသာ၊ ဦးပိုင်အမှတ်(၂၁၀)၊ မြေယာအမှတ်(210)၊ မြေငှားဂရန်အမှတ်တွဲအမှတ်(၃၇၁/၂၀၁၄-၁၅)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေနှင့် ပတ်သက်၍ ပြင်ဦးလွင်မြို့နယ်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၄၆၁)ဖြင့် (၁၈-၈-၂၀၂၀)ရက်တွင် ဦးစောလေးတိုးကျော်(ဘ)ဦးစံသိန်း ၂/ ဖဆန(နိုင်)၀၀၆၈၈၆သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား (၂၈-၅-၂၀၂၂)ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင် ၅/ကသန(နိုင်) ၀၀၁၆၆၀**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အ မှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၃၂)၊ မြေယာအမှတ်(332)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကပေါ်ရှိ မြေနေအိမ် လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးကြည်ဝင်း ၁၂/သခန(နိုင်) ၀၇၁၂၃၀၀က ပိုင်ဆိုင်ပြီး ၎င်းထံမှ ဒေါ်မာမာဆွေ ၈/ဆမန(နိုင်)၀၀၃၄၃၇မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် နေအိမ်တို့နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါ က အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မာမာဆွေ** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၈/ဆမန(နိုင်)၀၀၃၄၃၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)** |
| | **"နိုင်" ဥပဒေအကျိုးဆောင်** |

**အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

**အမည်မှန်**

ဦးနေမျိုးအောင်၏သား၊ ရမည်းသင်းမြို့နယ်၊ အလယ်ကုန်းအခြေခံပညာအထက်တန်းကျောင်းခွဲ Grade-7 မှ မောင်ကာကာရှိန်၏ အမည်မှန်မှာ မောင်ကောင်းခန့်ဟိန်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့၊ အခြေခံပညာအထက်တန်းကျောင်း Grade-3 တွင် ပညာသင်ကြားသူ စိုင်းကွမ်လျန်း၏ ဖခင်အမည်မှန်မှာ စိုင်းစိုင်းပွင့် ၁၃/ကသန(နိုင်)၀၃၆၁၆၂ ဖြစ်ပါကြောင်း။

**စိုင်းစိုင်းပွင့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၅-၂၀၂၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၄)ပါ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်း ၉/မရမ(နိုင်)၀၄၅၈၇၈ ၏ (ကမ-၃)မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 11W/33088 အစား **ယာဉ်အမှတ် 1W/33088** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အရောင်းအဝယ်ဖျက်သိမ်းပြီးဖြစ်ကြောင်း ကြော်ငြာခြင်း

(၂၅-၁၁-၂၀၂၀)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၅)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် (၂၄၈/က)နှင့်(၂၄၉)တို့၏ အမည်ပေါက် ပိုင်ရှင် ဒေါ်ခိုင်မြင့် ၁၃/ လရန(နိုင်) ၁၂၁၄၉၆ ထံမှ ဝယ်ယူရန် စရန်ပေးစာချုပ်ချုပ်ဆိုခဲ့သော်လည်း ယခုအခါတွင် နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်း၍ အရောင်းအဝယ်စာချုပ်အား ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်အိအိအောင်(LL.B, D.L.L)**
**တရားလွှတ်တော်ရှေ့နေ(လိုင်စင်-၇၆၆၄)**
**တိုက်(၃/၂၉)၊ ပြည်ရိပ်မွန် အိမ်ရာ**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊ ၀၉-၄၄၃၁၃၆၀၁၉**

## ကန့်ကွက်နိုင်ပါကြောင်း

